ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့ (24-11-2015) (၈၃၉၄)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာရာ မလေးရှားနိုင်ငံ အမျိုးသမီး၊ မိသားစုရေးရာနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး YB Dato Sri Rohani Binti Abdul Karim၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်မြင့်နှင့် တာဝန်ရှိသူများက ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Mohd Haniff Bin Abd Rahman နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ နေပြည်တော်လေဆိပ်၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးညွန့်ထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# အာဆီယံအသိုက်အဝန်းသုံးခုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တစ်ပြိုင်နက်တည်း နိုင်ငံအားလုံးမှာ ထူထောင်ရန်ဆုံးဖြတ်

(၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မလေးရှားနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ နိုဝင်ဘာ ၂၁ နှင့် ၂၂ ရက်တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ အစည်းအဝေးမှ အာဆီယံ အသိုက်အဝန်းထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်နှင့် အာဆီယံဆိုင်ရာ ၂၀၂၅ ခုနှစ် ကွာလာလမ်ပူကြေညာချက်များကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း တက်ရောက်ပါဝင်ခဲ့ရာ တက်ရောက်ခဲ့ကြသည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

နိုဝင်ဘာလ ၂၁ နဲ့ ၂၂ ရက်မှာ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်ထိပ်သီးအစည်းအဝေးတွေ ကျင်းပခဲ့ပါတယ်။ ဒီလိုကျင်းပတဲ့နေရာမှာ ၂၁ ရက် နံနက် ၉ နာရီ အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲစပြီး အာဆီယံထိပ်သီးအစည်းအဝေး Plannary Section ကို စတာပါ။ Plannary Section က အာဆီယံရဲ့ ရှေ့လုပ်ငန်းစဉ်တွေနဲ့ ပြီးခဲ့တဲ့လုပ်ငန်းစဉ်တွေကို ပြန်လည်သုံးသပ်တာပါ။ ရှေ့လုပ်ငန်းစဉ်တွေအတွက်ကတော့ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်တဲ့ Conversion မှာ ထိပ်သီးနိုင်ငံ့ခေါင်းဆောင်တွေ အကုန်လုံးပါဝင်လက်မှတ်ရေးထိုးတဲ့ အစီအစဉ်၊ နောက်တစ်ခုက အာဆီယံစီမံချက်တွေကို ၂၀၂၅ အထိ ရှေ့ဆက်ပြီး ဘယ်လိုအကောင်အထည်ဖော်သွားမလဲဆိုတာ ASEAN 2025 Forging Ahead Together ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

**ပြည်ထောင်စုလွှတ်တော် အစည်းအဝေး**
စာမျက်နှာ - ၅

**ပြည်သူ့လွှတ်တော် အစည်းအဝေး**
စာမျက်နှာ - ၇

**အမျိုးသားလွှတ်တော် အစည်းအဝေး**
စာမျက်နှာ - ၇



**ကြေးမုံ စာတည်းရှုထောင့်** **၂၄-၁၁-၂၀၁၅၊ အင်္ဂါနေ့**

# ဘေးအန္တရာယ်ကင်းပါစေ

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်စဉ်များ နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားခဲ့ပြီးနောက် အချို့ဒေသများတွင် လူအများသဘာဝဘေးဒုက္ခများ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ကြုံတွေ့ကြရာတွင် နေရာအချို့၌ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်ကို ကြားသိရသည်။

မြေ၏သဘောမှာ အစိုဓာတ်ရှိလျှင်သော်လည်းကောင်း၊ မြေအောက်ထောက်ကန်မှု အားပျော့သွားလျှင်သော်လည်းကောင်း ပြိုကျနိမ့်ဆင်းမှုဖြစ်ပွားတတ်သည်။ ထို့ကြောင့် မိုးရာသီကာလနှင့်အစိုဓာတ်ရှိသော အခြေအနေများရှိသည့် မြေတောင်ဒေသများ၌ မြေပြိုမှုများဖြစ်ပွားရခြင်းကို ကြုံတွေ့ရတတ်သည်။ သို့သော် လူတို့အနေဖြင့် ထိုအခြေအနေများကို သတိမမူခဲ့ကြချေ။

မြေပြိုမှုသဘာဝဘေးဒဏ်ဖြစ်ပွားခဲ့သော အချို့ဒေသများတွင် ဒေသခံပြည်သူ ခုဂဏန်း၊ ဆယ်ဂဏန်း သေဆုံးခြင်း၊ ပျောက်ဆုံးခြင်းကြုံတွေ့ခဲ့ရသော်လည်း မကြာသေးမီရက်ပိုင်းအတွင်းက ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စုနှင့် ဆိပ်မူကျေးရွာအုပ်စုအကြားရှိ ဆန်ခတ်ကူးကျေးရွာအပိုင်းအတွင်း ကျောက်မျက်ကုမ္ပဏီမှ စွန့်ပစ်ထားသော မြေစာပုံပြိုကျမှုကြောင့် မြေစာပုံအောက်ခြေအနီးတစ်ဝိုက်တွင် နေထိုင်ကြသော ယာယီတဲများမြေမြုပ်ပျက်စီးခဲ့ပြီး လူ ၂၀၀ ခန့် ပျောက်ဆုံးနေကြောင်း တုန်လှုပ်ဖွယ်ကြားသိခဲ့ရသည်။

ဖားကန့်မြို့နယ်သည် ကျောက်စိမ်းထွက်ရှိသော အဓိကဒေသဖြစ်သည်။ ထိုဒေသရှိ ကျောက်စိမ်းလုပ်ကွက်များတွင် ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ ဝင်ငွေရရှိလိုသော ပြည်သူများလာရောက်လုပ်ကိုင်ကြသည်။ ကျောက်မျက်ကုမ္ပဏီများက တရားဝင်လုပ်ကိုင်ကြမှုများရှိသည်။ ထိုကုမ္ပဏီများမှ တူးဖော်စွန့်ထုတ်ပစ်လိုက်သော မြေစာပုံကြီးများ အောက်ခြေအနီးတစ်ဝိုက်တွင် ရေမဆေးကျောက်ရှာဖွေရန် မိမိသဘောဆန္ဒအလျောက် မော်ဒေသအများအပြားမှ လာရောက်နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြသူများလည်းရှိသည်။

ယခုမြေပြိုကျမှုကြောင့် နိုဝင်ဘာ ၂၃ ရက်နေ့ ညနေပိုင်းအထိ ရှာဖွေတွေ့ရှိမှုသတင်းများအရ မြေပိသေဆုံးသူများတွင် အမျိုးသား ၁၁၁ ဦးနှင့် အမျိုးသမီးနှစ်ဦးကို တွေ့ရှိခဲ့ကြောင်းသိရသည်။ ဆက်လက်၍ တူးဖော်ရှာဖွေမှုများပြုလုပ်လျက်ရှိရာ ထို့ထက်မက များပြားလိမ့်မည်ဟုယူဆရသည်။ ထိုဖြစ်စဉ်မျိုးဖြစ်ပွားခဲ့လျှင် နိုင်ငံတကာ၌ ထိပ်တန်းသတင်းတစ်ပုဒ်ဖြစ်လိမ့်မည်။ ဖြစ်ပွားမှုအတွက် အရေးပေါ်ဆောင်ရွက်ရေးနှင့် အရေးယူဆောင်ရွက်ရေးလုပ်ငန်းများကို အပူတပြင်း လုပ်ကိုင်ကြသည်။

ယခုဖြစ်စဉ်၌ ဒေသခံပြည်သူများက မိမိဘဝရပ်တည်ရေးအတွက် ၎င်းတို့၏ အသက်အန္တရာယ်ကို သတိမမူမိဘဲ လုပ်ကိုင်ကြရာမှ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရခြင်းဖြစ်သည်။ သက်ဆိုင်ရာလုပ်ငန်းများကလည်း ပြည်သူများ အသက်အန္တရာယ်ရှိလာမည်ကို အလေးမထားဘဲ လုပ်ကိုင်ခဲ့ကြသဖြင့် မဖြစ်သင့်သောအဖြစ်များနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ ဟန့်တား တားဆီးရေးအပိုင်းတွင်လည်း အားနည်းခဲ့ပြီး ကယ်ဆယ်ရှာဖွေရေးအပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသော်လည်း သက်ဆိုင်ရာတို့က ပွင့်လင်းမြင်သာစွာ တရားဝင်အသိပေးထုတ်ပြန်ခဲ့ခြင်းမရှိဘဲ မီဒီယာများမှတစ်ဆင့်သိနေရသည်။

သားရဲက သားကောင်ကို ဖမ်းယူစားသုံးပြီး ကြွင်းကျန်ရစ်သော အစိတ်အပိုင်းများကို တောကောင်များက လုယက်စားသုံးရာမှ ဘေးဒုက္ခကျရောက်သွားခြင်းနှင့် သဏ္ဌာန်တူသည်။ တူးဖော်ရှာဖွေရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းများအားလုံးပူးပေါင်းကာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။

ပေတစ်ထောင်ခန့်ရှိသော မြေစာပုံကြီးနှင့် ထိုမြေစာပုံကြီးနှင့် ကိုက်တစ်ရာအတွင်း နေထိုင်လုပ်ကိုင်ကြသော ပြည်သူများအား မဖြစ်ခင်က ကြိုတင်တားဆီးနိုင်ခြင်း မရှိခဲ့သောကြောင့် ယခုကဲ့သို့ မဖြစ်သင့်မဖြစ်ထိုက်သော အဖြစ်ဆိုးနှင့်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု ယူဆသည်။ အန္တရာယ်ဖြစ်နိုင်သော လုပ်ငန်းများတွင် ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်မှု၊ အသိပညာပေးမှုအားနည်းခြင်းတို့၏ အကျိုးရလဒ်များဟုဆိုချင်သည်။ ။

## ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးလက်၊ မြို့ပြမခွဲခြားဘဲ ခေတ်မီစက်ကိရိယာများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်နယ် ပြည်မ ၊ ကျေးလက်၊ မြို့ပြ မခွဲခြားဘဲ ပြည်သူလူထုအားလုံး လွှမ်းခြုံမှုရရှိစေရန် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများတွင် ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း နိုဝင်ဘာ ၂၁ ရက်က မန္တလေးမြို့ TRIUMPH HOTEL ၌ ကျင်းပခဲ့သည့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးနှင့် သွေးကြောခွဲစိတ် ကုပညာဌာနနှင့် ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ နှလုံးခွဲစိတ်အထူးကုဆရာဝန်များ ပူးပေါင်းခွဲစိတ်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ပြောကြားခဲ့သည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ၂၀၀၄ ခုနှစ်တွင် နိုင်ငံခြားပညာရှင်များ (၆)ကြိမ်လာရောက်ခဲ့ပြီး လူနာ ၄၃ ဦး အထိ ပူးပေါင်းခွဲစိတ်နိုင်ခဲ့သကဲ့သို့ မြန်မာနိုင်ငံမှပညာရှင်များဖြင့်လည်း ၆၃ ဦး အထိ ခွဲစိတ်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အထက်ပိုင်းအတွက် အဓိက အချက်အချာဖြစ်သော မန္တလေးမြို့ရှိ ဆေးရုံများတွင်လည်း အဆင့်မြင့် ရောဂါရှာဖွေစမ်းသပ်မှုများနှင့် အဆင့်မြင့် ဆေးကုသမှုများအတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများကို နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ပြင်သစ်နိုင်ငံ AMFA အဖွဲ့မှ နှလုံးခွဲစိတ်ဆရာဝန်ကြီး Prof Danieal Loisanseက ပူးပေါင်းခွဲစိတ်မှု ၁၀ နှစ်တာအတွေ့အကြုံများအားလည်းကောင်း၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ နှလုံးခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာဝဏ္ဏထွန်းက လက်ရှိခွဲစိတ်ကုသမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အဆင့်မြင့်နှလုံးခွဲစိတ်မှု ပြုလုပ်ထားသော လူနာနှစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အရေးပေါ် လူနာလက်ခံကုသဆောင်နှင့် ထိခိုက်ဒဏ်ရာကုဌာနနှင့် အရိုးရောဂါအထူးကု ဆေးရုံကြီး (မန္တလေး)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**




## လယ်ယာမြေလုပ်ငန်းဆောင်ရွက်စဉ်တွေ့ရှိသည့် ရွှေဟောင်းငွေပြား ၇ ပိဿာနှင့် ၈၀ ကျပ်သားခန့်ရှိအိုးတစ်လုံး ရှေးဟောင်းသုတေသနဦးစီးဌာနသို့အပ်နှံ

**တောင်တွင်းကြီး နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်း၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ သဖန်းကုန်းကျေးရွာအနီး လယ်မြေအတွင်း နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက လယ်ပိုင်ရှင်ဦးသန်းထွန်း၊ ဒေါ်သန်းငွေတို့က လယ်ကန်သင်းကတွတ်ပေါက်ရေပိတ်စဉ် မြေတူးရာမှ ရွှေ့ဟောင်းငွေပြား ၇ ပိဿာ ၈၀ ကျပ်သားခန့်ရှိ မြေအိုးတစ်လုံး တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အပ်နှံပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ရှေးဟောင်းပစ္စည်းများတွေ့ရှိခဲ့သူ ဦးသန်းထွန်းက လိပ်ကျောကုန်းသဏ္ဌာန်ငွေပြားများနှင့် ဘဲဥပုံသဏ္ဌာန်ငွေပြား ၃၂ အလေးချိန် ၇ ပိဿာနှင့် ၈၀ ကျပ်သားကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထံ အပ်နှံခဲ့ကြောင်း သိရသည်။ **(၅၈၀)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်(ရွှေဈေး) - ၇၄၇၈၀၀ - ၇၄၈၈၀၀၊ မန္တလေး(ရွှေဈေး) ၇၄၇၈၀၀ - ၇၄၈၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၇၀/၇၈၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၇၀/၆၈၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၆၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၆၅ ကျပ်

**၁၆-၁၁-၂၀၁၅ ရက်နေ့မှ ၂၀-၁၁-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၅၄ ကျပ် ဖြစ်ပါသည်။**

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၁. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃. ၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆. ၃၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂. ၆၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၆၄၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၅၆. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၂၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၆. ၈၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈. ၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ဝက်ထီးကန်မြို့၌ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်

**ဝက်ထီးကန် နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဝက်ထီးကန်မြို့ မြို့လျှပ်စစ်မှူး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ကွင်းကြီးကျေးရွာနှင့် နှောကန်ကျေးရွာတို့၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း ကြေးကြိုးနံပါတ်(၈) အစား ကြေးကြိုးနံပါတ်(၄)ဖြင့် လဲလှယ်ခြင်းနှင့် ဆွေးမြည့်သစ်သားတိုင် ၁၆၂ တိုင်ကို ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် လဲလှယ်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြို့လျှပ်စစ်မှူး ဦးခင်မောင်ဌေးနှင့် လျှပ်စစ်ဝန်ထမ်းများက လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့အထိ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအားလုံး ပြီးစီးပါက ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ပြီး ကျေးရွာနေပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရုံမျှမက လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်သည်။

**ခင်မောင်ဌေး(မြို့နယ်လျှပ်စစ်)**

❖❖

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီး မလေးရှားနိုင်ငံမှ ပြန်လည်ထွက်ခွာရာ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။(သတင်း-ရွှေဖုံး) (ပြန်/ဆက်)

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16)နှင့် (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet (25th AARM) ပိတ်ပွဲအခမ်းအနား တက်ရောက်ရန်အတွက် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ၁၂ နာရီ ၁၀ မိနစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ ရောက်ရှိကြသည်။**(ယာပုံ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော် ထိုင်းဘုရင့်ကြည်းတပ်ဌာနချုပ်ရုံးမှ ဒုတိယစစ်ဦးစီးအရာရှိချုပ် Lt. Gen Varah Boonyasit နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံမှူး Col.Salawin Uttarak နှင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ချစ်ဆွေနှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး လေဆိပ်မှ ဒေသစံတော်ချိန် ၁၂ နာရီ မိနစ် ၅၀ တွင် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် Siam Kempinski Hotel သို့ ရောက်ရှိရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**






## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ခေတ္တတည်းခိုရာ Siam Kempinski Hotel ၌ 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16) အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ဘရူနိုင်း တော်ဝင်တပ်မတော်ကြည်းတပ်ဦးစီးချုပ် Bri-Gen. Pengiran Dato Paduka Aminan bin Pengiran၊ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Teerachai Nakwanich နှင့် အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Mulyono တို့နှင့် သီးခြားစီတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး အပါအဝင် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

## ရွှေပေါက်ကံတံတားတည်ဆောက်မှု ၄၅ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ပုဂံလမ်းမကြီးနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ကျန်စစ်သားလမ်းမကြီးတို့ တိုက်ရိုက်ဆက်သွယ်ပေါင်းကူးပေးမည့် ရွှေပေါက်ကံတံတားတစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိရာ ရွှေပေါက်ကံဘက်ခြမ်းတည်ဆောက်ရေးလုပ်ငန်းမှာ ၄၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရွှေပေါက်ကံဘက်ခြမ်း တည်ဆောက်ပြီးစီးမှုအပိုင်းနဲ့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းဆက်သွယ်တည်ဆောက်နိုင်ဖို့ ရေလည်ဘိုးပိုင်များစိုက်ထူထားပြီးဖြစ်ပါတယ်။ တံတားအရှည်က ၂၄၂မီတာ၊ အကျယ်မီတာ ၄၀၊ အခန်းသုံးခန်းပါ သံပေါင်ကွန်ကရစ်တံတားဖြစ်ပါတယ်။ ယာဉ်သွားလမ်းလေးလမ်းပါရှိပြီး သံကူကွန်ကရစ်ခင်းတံတားဖြစ်ပါတယ်။ ယာဉ်အလေးချိန်တန် ၆၀ ယာဉ်တစ်စီးချင်းဖြတ်သန်းမောင်းနှင်နိုင်မှာဖြစ်သလို တံတားတစ်ဖက်တစ်ချက်မှာ လူသွားလမ်း ၁ဒသမ ၂မီတာအကျယ်ပါရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"ငမိုးရိပ်ချောင်းဖြတ်ကျော် ရွှေပေါက်ကံတံတား မကြာမီပြီးစီးတော့မယ်ဆိုတော့ ကျွန်မတို့နေ့စဉ်ကားနှစ်ဆင့်စီးပြီး အလုပ်ဆင်းရတဲ့ဒုက္ခကလွတ်ပါပြီ"ဟု မြောက်ဥက္ကလာအပိုင်းမှ ရွှေပေါက်ကံသွားမည့်ကျပ် ၁၀၀ တန်လိုင်းကား စောင့်ဆိုင်းနေသူ အမျိုးသမီးတစ်ဦးကပြောသည်။ "ကျွန်တော်တို့က အသွားအပြန်တစ်နေ့ကျပ် ၄၀၀ကုန်တာ။ အဲဒီငမိုးရိပ်ချောင်းကူး ရွှေပေါက်ကံတံတားပြီးမှ အချိန်ကုန်ငွေကုန် သက်သာတော့မှာဖြစ်ပါတယ်"ဟု မြောက်ဥက္ကလာမှ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်သို့ သွားရောက်အလုပ်လုပ်ကိုင်နေသူက ပြောသည်။

**(ထွန်းဝင်း)**

# အိုင်အက်စ်တို့ကို တိုက်ခိုက်ရန် ပြင်သစ်လေယာဉ်တင်သင်္ဘောကြီး အသင့်ဖြစ်



**ပါရီ နိုဝင်ဘာ ၂၃**

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် ပြင်သစ်လေယာဉ်တင်သင်္ဘောကြီးတစ်စင်းမှာ နိုဝင်ဘာ ၂၃ ရက်မှစ၍ အသင့်အနေအထားရှိနေမည်ဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ပြင်သစ်ကာကွယ်ရေးဝန်ကြီး ဂျီယန်ရက်စ် လီဒါယန်က ချားလ်ဒီဂေါလ်လေယာဉ်တင်သင်္ဘောကြီးနှင့် အခြားရေတပ်သင်္ဘောအုပ်စုတို့မှာ နိုဝင်ဘာ ၂၃ ရက်မှစ၍ စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါစစ်သင်္ဘောများသည် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို ပြင်သစ်တို့၏ ဗုံးကြဲတိုက်ခိုက်မှုအရှိန်မြှင့်လုပ်ဆောင်ရန် မြေထဲပင်လယ်တွင် တပ်ဖြန့်ချထားသည့် သင်္ဘောများဖြစ်သည်။ သို့သော် လေယာဉ်တင်သင်္ဘောပေါ်ရှိ တိုက်လေယာဉ်များမည်သည့်အချိန်တွင် ပျံသန်းတိုက်ခိုက်မှုများပြုလုပ်သွားမည်ကို လီဒါယန်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ချားလ်ဒီဂေါလ် လေယာဉ်တင်သင်္ဘောပေါ်တွင် ပြင်သစ်နိုင်ငံ၏ အဓိကတိုက်လေယာဉ်များဖြစ်သည့် ရာဖေးလ်အမ် ဂျက်တိုက်လေယာဉ် ၁၈ စင်းအပါအဝင် တိုက်လေယာဉ် ၂၆ စင်း ပါရှိသည်။ ပြင်သစ်နိုင်ငံအနေဖြင့် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် မြေပြင်တပ်ဖွဲ့များလိုအပ်ပါက အသုံးပြုတိုက်ခိုက်သွားမည်ဖြစ်သော်လည်း လောလောဆယ်အခြေအနေတွင် မြေပြင်တပ်ဖွဲ့များကို အသုံးပြုတိုက်ခိုက်သွားရန် အစီအစဉ်မရှိကြောင်း လီဒါယန်က ပြောကြားသည်။

အိုင်အက်စ်များကို ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းတိုက်ခိုက်သွားရန် ရုရှားနိုင်ငံက မျှော်လင့်လျက်ရှိပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြင်သစ်ကို ရုရှား၏ မဟာမိတ်တစ်ဦးအဖြစ်ရှုမြင်ရန် စစ်ဘက်အရာရှိများကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရာဆူကူနီဗိမာန်၏ သန့်စင်ခန်းအတွင်း ပေါက်ကွဲမှုဖြစ်ပွား

**တိုကျို နိုဝင်ဘာ ၂၃**

ဂျပန်နိုင်ငံ တိုကျိုမြို့လယ်ရှိ ရာဆူကူနီဗိမာန်၏ သန့်စင်ခန်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်ပြီး တိုကျိုမြို့တော်ရဲဌာနက စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများအရ သိရသည်။

ရာဆူကူနီဗိမာန်တောင်ဘက်ဝင်ပေါက်ရှိ သန့်စင်ခန်းတစ်ခုအတွင်းမှ ပေါက်ကွဲသံတစ်ခု ကြားခဲ့ရကြောင်း နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခန့်က ပြည်သူတစ်ဦး၏ ဖုန်းဖြင့်ပြောကြားချက်ကို လက်ခံရရှိခဲ့သည်ဟု ရဲအရာရှိများက ဆိုသည်။

ဗိမာန်၏သန့်စင်ခန်းအတွင်း ပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့ဟန်တူသည့် မျက်နှာကြက်တွင် ၃၀ စင်တီမီတာခန့်ရှိသော အပေါက်တစ်ခုနှင့် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော အပိုင်းအစများကို တွေ့ရှိခဲ့သည်ဟု ရဲအရာရှိများက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်းသိရသည်။

စုံစမ်းစစ်ဆေးရေးရဲအရာရှိများက အခင်းဖြစ်ပွားသည့်နေရာတွင် ဘက်ထရီများ၊ ဝါယာကြိုးများနှင့် သံပိုက်လေးချောင်းကို တွေ့ရှိခဲ့သည်ဟု ရဲအရာရှိများက ဆိုသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်အချိန်တွင် ရာဆူကူနီဗိမာန်၏ နှစ်စဉ်ကျင်းပလေ့ရှိသည့် ရာသီပွဲတော်များအနက် First Fruits Festival ပွဲတော်ကို ကျင်းပနေသည်။ ဗိမာန်သို့အလည်အပတ်ရောက်ရှိသူများ ယခင်နှစ်များထက် ပိုမိုများပြားကြောင်း သိရသည်။

ယခုပေါက်ကွဲမှုသည် ဗိမာန်ကိုရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်သည့်လုပ်ရပ်ဖြစ်ကြောင်း ရဲအရာရှိများက ဆိုသည်။

ရာဆူကူနီဗိမာန်သည် ဒုတိယကမ္ဘာစစ်ပွဲအတွင်း သေဆုံးခဲ့သော ဂျပန်စစ်သားများအပါအဝင် ဒုတိယကမ္ဘာစစ်ပွဲပြီးနောက် နိုင်ငံတကာစစ်ခုံရုံးက စစ်ရာဇဝတ်မှုကျူးလွန်ခဲ့မှုများဖြင့် စွဲချက်တင်ကာ သေဒဏ်စီရင်ချက်ချမှတ်ခြင်းခံခဲ့ရသည့် စစ်သားများနှင့် နိုင်ငံရေးခေါင်းဆောင်များကို အောက်မေ့သတိရသည့်အနေဖြင့် ဂုဏ်ပြုသည့်အထင်ကရ နေရာတစ်ခုဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# မြောက်ကိုရီးယား၏ ရေကြောင်းပိုင်နက်နယ်နိမိတ်အနီးရှိ အနောက်မြောက်ကျွန်းစုများ၌ ရေကြောင်းပစ်မှတ်များအား တောင်ကိုရီးယားပစ်ခတ်လေ့ကျင့်

**ဆိုးလ် နိုဝင်ဘာ ၂၃**

မြောက်ကိုရီးယားနိုင်ငံနှင့် ထိစပ်နေသည့် ရေကြောင်းပိုင်နက်အနီးရှိ အနောက်မြောက်ဘက်ကျွန်းစုများ၌ ရေကြောင်းပစ်မှတ်များအား ပစ်ခတ်တိုက်ခိုက်ခြင်းကို တောင်ကိုရီးယားစစ်ဘက်က နိုဝင်ဘာ ၂၃ ရက်တွင် လေ့ကျင့်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ယွန်ပြောင်ကျွန်းနှင့် ဘန်ယန်းကျွန်းတို့ရှိ ကေ-၉ အမျိုးအစား ယာဉ်တင်အမြောက်များကို အသုံးပြု၍ ကျည်စစ်များဖြင့် ပစ်ခတ်လေ့ကျင့်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းပစ်ခတ်လေ့ကျင့်မှုများ ယခုအချိန်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်က အတည်ပြုပြောကြားသည်။

တောင်ကိုရီးယား အမြောက်တပ်ဖွဲ့များသည် တောင်အရပ်သို့ မျက်နှာမူကာ ပစ်ခတ်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ယင်းလေ့ကျင့်မှုတွင် ကေ-၉ အမျိုးအစား ယာဉ်တင်အမြောက်များကိုသာ အသုံးပြုခဲ့သည်။

တောင်ကိုရီးယားစစ်ဘက်၏ မူလစီစဉ်ထားသော လေ့ကျင့်ရေးအစီအစဉ်တွင် ပစ်မှတ်အား အသေအချာထိမှန်စေနိုင်သော ၁၃၀ မီလီမီတာ ဘက်စုံသုံး ရွေ့လျားဒုံးပစ်လောင်ချာများဖြင့် လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ရာသီဥတုဆိုးရွားကာ ပင်လယ်ဆီးနှင်းမြူများ ကျဆင်းလာမှုကြောင့် ယင်းအစီအစဉ်ကို ပြောင်းလဲဆောင်ရွက်ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**





# လေယာဉ်တင်သင်္ဘောအခြေစိုက် ဂျက်တိုက်လေယာဉ်များ ဗြိတိန်ဝယ်ယူရန် စီစဉ်လျက်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၃**

ဗြိတိန်နိုင်ငံသည် ယင်း၏ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်နိုင်ရေးအတွက် လေယာဉ်တင်သင်္ဘောသစ်များမှနေ၍ တိုက်ခိုက်မှု ပြုလုပ်နိုင်မည့် ဂျက်တိုက်လေယာဉ်အများအပြားကို ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး ဂျော့ဂ်ျအော့စဘွန်းက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံသည် ၂၀၂၃ ခုနှစ်ထက် နောက်မကျဘဲ ဂျက်တိုက်လေယာဉ်သစ် ၂၄ စင်းကို ဖြန့်ကြက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းဂျက်တိုက်လေယာဉ်များအနက် ကမ္ဘာပေါ်တွင် စွမ်းပကားအမြင့်မားဆုံး ဂျက်တိုက်လေယာဉ်အမျိုးအစားဖြစ်သည့် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်များပါဝင်မည်ဖြစ်ပြီး လေယာဉ်တင်သင်္ဘောများပေါ် ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုစဉ်အတွင်း ဗြိတိန်အစိုးရအဖွဲ့က လာမည့် ၁၀ နှစ်တာကာလအတွင်း ရေငုပ်သင်္ဘောကို ရှာဖွေနိုင်သည့် စစ်လေယာဉ် ကိုးစင်းအပါအဝင် စစ်ရေယာဉ်များ ဝယ်ယူနိုင်ရန် ပေါင်ငွေ ၁၂ ဘီလီယံ ထပ်မံသုံးစွဲမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ငါးနှစ်တာကာလ ဆောင်ရွက်မည့် ကာကွယ်ရေးနှင့် လုံခြုံရေး အစီအစဉ်တစ်ရပ်ကို ပါလီမန်သို့ နိုဝင်ဘာ ၂၃ ရက်တွင် တင်သွင်းခဲ့သည်။

**ရိုက်တာ။**

# ဆီးရီးယားအရေးနှင့် စွမ်းအင်ကိစ္စဆွေးနွေးရန် ပူတင် အီရန်သို့ရောက်ရှိ

**တီဟီရန် နိုဝင်ဘာ ၂၃**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆီးရီးယားပြဿနာနှင့် ရုရှားနှင့် အီရန်နိုင်ငံတို့အကြား စွမ်းအင်ကိစ္စ ပူးပေါင်းဆောင်ရွက်မှုများဆွေးနွေးရန် နိုဝင်ဘာ ၂၃ ရက်တွင် အီရန်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

ပူတင်သည် အီရန်နိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း တတိယအကြိမ်မြောက် ဓာတ်ငွေ့တင်ပို့ရောင်းချသည့်နိုင်ငံများ ဖိုရမ် (ဂျီအီးစီအက်ဖ်) သို့ တက်ရောက်မည်ဖြစ်သကဲ့သို့ အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၊ အီရန်သမ္မတ ဟက်ဆန်ရိုဟာနီတို့နှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။ ပူတင်နှင့် အီရန်တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ် ဆီးရီးယားပြဿနာသည် အဓိကဆွေးနွေးရမည့် အကြောင်းအရာဖြစ်လိမ့်မည်ဟု မျှော်လင့်ရသည်။

ဂျီအီးစီအက်ဖ် ထိပ်သီးဆွေးနွေးပွဲသည် ဓာတ်ငွေ့တင်ပို့ရောင်းချသည့် ဦးဆောင်နိုင်ငံများ စုပေါင်း၍ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ရည်ရွယ်သည့် ဆွေးနွေးပွဲဖြစ်သည်။ ပထမဆုံးအကြိမ် ထိပ်သီးဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်က ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သည်။

အယ်လ်ဂျီးရီးယား၊ ဘိုလီဗီးယား၊ အီဂျစ်၊ အီကွေတိုရီရယ်၊ ဂီနီ၊ အီရန်၊ လစ်ဗျား၊ နိုင်ဂျီးရီးယား၊ ကာတာ၊ ရုရှား၊ ထရီနီဒက်နှင့် တိုဘာဂို၊ ယူအေအီးနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှာ ဂျီအီးစီအက်ဖ် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်။

အီရတ်၊ ကာဇက်စတန်၊ နယ်သာလန်၊ နော်ဝေ၊ အိုမန်၊ ပီရူးနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှာ လေ့လာစောင့်ကြည့်နေဆဲ နိုင်ငံများဖြစ်ကြသည်။

**ဆင်ဟွာ။**

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှစ်ခု ရှင်းလင်းဆွေးနွေး



ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကိုယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှစ်ခု ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် ဥပဒေကြမ်းနှစ်ခုကို ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **မြန်မာ-အစ္စရေး ကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရေးကိစ္စနှင့် မြန်မာ-အစ္စရေး လုံခြုံမှု အဆင့်အတန်းရှိသော သတင်းအချက်အလက် ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရေး**ကိစ္စတို့နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က ရှင်းလင်းတင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က **မြန်မာ-အစ္စရေးကာကွယ်ရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ပါက** စစ်ဘက်တပ်ဖွဲ့များ အပြန်အလှန်လေ့ကျင့်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးမူဝါဒချမှတ်ရေး၊ ကာကွယ်ရေးနယ်ပယ်ရှိ ဥပဒေကြောင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်နိုင်ရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီနှင့် ဘေးဒုက္ခကယ်ဆယ်ရေးလုပ်ငန်းများတွင် အပြန်အလှန်အကူအညီများပေးရေး၊ စစ်ဘက်စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ စစ်ဘက်ဆိုင်ရာပညာရေး၊ သင်တန်းများနှင့် စစ်ဘက်ဆိုင်ရာဆေးပညာရပ်များ စသည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် အားကစားများအပြန်အလှန် ဖလှယ်နိုင်ခြင်းနှင့် စစ်ဘက်ဆိုင်ရာ အုပ်ချုပ်ထောက်ပံ့မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အခြားသော ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင်လည်း ပူးပေါင်းလုပ်ဆောင်နိုင်မည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း။

ထို့ပြင် **မြန်မာ-အစ္စရေးလုံခြုံမှုအဆင့်အတန်းရှိသော သတင်းအချက်အလက်ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ပါက** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် အစ္စရေးနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ လုံခြုံရေးအဆင့်အတန်းမြင့်တက်စေရန် အထောက်အကူဖြစ်စေနိုင်ခြင်း၊ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ သတင်းအချက်အလက်များဖလှယ်နိုင်ခြင်း၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ရရှိစေနိုင်ခြင်း၊ အပြန်အလှန် အလည်အပတ်သွားရောက်မည့် ခရီးစဉ်များအတွက် လုံခြုံရေးခွင့်ပြုချက်များရရှိနိုင်ခြင်း၊ နိုင်ငံတော်လုံခြုံရေးအတွက် အကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်ခြင်းနှင့် ကာကွယ်ရေးဆိုင်ရာ လုံခြုံမှုအဆင့်အတန်း၏ အခန်းကဏ္ဍကို သိရှိနားလည်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် **မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲချက် ၁၈ ချက်နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးက ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက် ၃၂ ချက်အနက် (၁၃)ချက်ကို ပြည်ထောင်စုလွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ် လေးဦးက ပါဝင်ဆွေးနွေးခဲ့ကြပြီး ကျန်သည့်အချက်များကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲခုံအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ရွေးကောက်ပွဲ ခုံအဖွဲ့အတွက် ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့(၅)ဖွဲ့မှ တာဝန်ရှိသူများ၊ ကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သော်လည်း ကန့်ကွက်လွှာများ တင်သွင်းလာပါက ခုံအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခုံအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်၊ ဥပဒေနှင့်အညီဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ခုံအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင် ကန့်ကွက်လွှာအမှုများနှင့် ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်ခြင်းများကို စစ်ဆေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြားနာစစ်ဆေးရာတွင် ကန့်ကွက်သူ၊ ကန့်ကွက်ခံရသူများ၏ မျက်မြင်သက်သေများ၊ သက်သေအထောက်အထားများကို ပြည့်ပြည့်ဝဝ ရရှိနိုင်ရန်နှင့် တရားစရိတ်များ သက်သာစေရန်၊ လုပ်ငန်းပိုမိုလျင်မြန်စေရန် ရည်ရွယ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခုံအဖွဲ့များ သွားရောက်ကြားနာစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ရှေ့နေချုပ်ရုံးတို့၏ အကူအညီများရယူ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရွေးကောက်ပွဲခုံအဖွဲ့၏ အခန်းကဏ္ဍ၊ စီရင်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍လည်းကောင်း၊ IFES မှ တာဝန်ရှိသူတစ်ဦးက ရွေးကောက်ပွဲ အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဦးညွန့်တင်က ရွေးကောက်ပွဲခုံအဖွဲ့ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ IFES မှ တာဝန်ရှိသူတစ်ဦးက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်း လုပ်ငန်းစဉ်ကို စစ်ဆေးရန် အချက်အလက်များ၊ သာဓကဖြစ်ရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ဆုံးဖြတ်ချက်ချခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊ အယူခံဝင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းချက်များအပေါ် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၂၃**

၂၀၁၅ ခုနှစ် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော် နှင့်အတူ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ တူယှဉ်နွဲ့ပျော် တန်ဆောင်တိုင်ပွဲတော် အမည်ပေးထားသော အဆိုပါ ဖိတ်ခေါ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော် နေ့၊ ညရှုခင်း၊ မီးပုံးပျံအလှပြိုင်ပွဲ နေ့၊ ညရှုခင်း အစရှိသည်တို့ကို မိမိတို့နှစ်သက်ရာ ရိုက်ကူးယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဓာတ်ပုံများကို ကဏ္ဍနှစ်ခုခွဲကာ ညအလှပြိုင်ပွဲနှင့် နေ့အလှပြိုင်ပွဲဟူ၍ ခွဲခြားရွေးချယ်သွားမည်ဖြစ်ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် ဆုများချီးမြှင့်သွားမည် ဖြစ်သည်။ ဓာတ်ပုံရိုက်ကူးခြင်းအတွက် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ပြင်ဦးလွင် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားတန်ဆောင်တိုင်ပွဲတော် ကျင်းပစဉ်ကာလအတွင်း စာရင်းပေးသွင်းရိုက်ကူးနိုင်ပြီး နိုဝင်ဘာ ၂၆ ရက် နောက်ဆုံးထားကာ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၁၀ လက်မ × ၁၄ လက်မမှ ၁၀ လက်မ× ၁၅ လက်မအတွင်း ကူးယူကာ ပြိုင်ပွဲဝင်တစ်ဦးလျှင် နေ့အလှကဏ္ဍအတွက် ငါးပုံ၊ ညအလှကဏ္ဍအတွက် ငါးပုံကို ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီနောက်ဆုံး တင်သွင်းရမည်ဖြစ်ကာ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီမှစတင်ကာ ရွေးချယ်ကြမည်ဖြစ်သည်။

ဆုကြေးများအနေဖြင့် ညအလှပြိုင်ပွဲကဏ္ဍတွင် ပထမဆု ကျပ် ၁၀ သိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ် ငါးသိန်းနှင့် ဆုဖလား၊ တတိယဆု ကျပ်လေးသိန်းနှင့် ဆုဖလား၊ စတုတ္ထဆု ကျပ် တစ်သိန်းနှင့် ဆုဖလား၊ ပဉ္စမဆု ကျပ်ရှစ်သောင်းနှင့် ဆုဖလား၊ ဆဋ္ဌမဆုမှ ဒသမဆုအထိ ကျပ် ခုနစ်သောင်း နှင့် ဆုဖလားအသီးသီးချီးမြှင့်သွားမည်ဖြစ်ပြီး နေ့အလှပြိုင်ပွဲကဏ္ဍအတွက် ပထမဆု ကျပ် သုံးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ကျပ် နှစ်သိန်းနှင့် ဆုဖလား၊ တတိယဆု ကျပ် တစ်သိန်းနှင့် ဆုဖလား၊ စတုတ္ထဆု ကျပ် ရှစ်သောင်းနှင့် ဆုဖလား၊ ပဉ္စမဆု ကျပ် ခုနစ်သောင်းနှင့် ဆုဖလား၊ ဆဋ္ဌမဆု ကျပ် ခြောက်သောင်းနှင့် ဆုဖလား၊ သတ္တမဆု ကျပ် ငါးသောင်းနှင့် ဆုဖလား၊ အဋ္ဌမဆု ကျပ် လေးသောင်းနှင့် ဆုဖလားအသီးသီး ဆုချီးမြှင့်သွားမည်ဖြစ်သည်။

ပြင်ဦးလွင် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း မီးပုံးပျံပြိုင်ပွဲအတွက် ညပိုင်း စိန်နားပန်၊ ညမီးကြိုးပြိုင်ပွဲ၊ နေ့လွှတ် အရုပ် ခြေလေးချောင်း၊ ခြေနှစ်ချောင်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး မီးပုံးပျံပေါင်း ၁၀၉ လုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

## ပြင်ဆင်သိမှတ်ပေးပါရန်

နိုဝင်ဘာ ၁၄၊ ၁၅၊ ၁၆ ရက်နေ့ ထုတ် ကြေးမုံသတင်းစာများ ဖော်ပြခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်းဇယားချုပ်တွင် တိုင်းလိုင်(ရှမ်းနီ)အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) ၏ အမှတ်တံဆိပ်(Logo)ကို ယခု အမှတ်တံဆိပ်(Logo)ဖြင့် ပြင်ဆင်သိမှတ်ပေးပါရန်။

**(စာတည်း)**

## စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ရန်ကုန်တိုင်းဒေသကြီးမှ ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာန၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခရဲမြ၊ Vijay Kumar၊ ဒေါက်တာဝင်းဇော်၊ ဒေါက်တာတင်အေးတို့က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **(အောင်မြင့်)**

# ပင်းယခေတ် အောင်စည်းခုံစေတီတော်ကြီး၏ သမိုင်းသစ်

ကိုဦးမြင့်

ပင်းယ အောင်စည်းခုံစေတီတော်မြတ်ကြီးနဲ့ စပ်လျဉ်းတဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို ၄-၁၀-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဖတ်လိုက်ရပါတယ်။ ကြည်ညိုဖွယ်ကောင်းလှတဲ့ စေတီတော်ကြီးဟာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တံတားဦး တိုးဂိတ်အနီးမှာ တည်ရှိနေပါတယ်။ တံတားဦး-ကျောက်ဆည်သွား ကားလမ်းမပေါ်မှာပါ။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးနဲ့လည်း နီးပါတယ်။

ကြေးမုံမှာပါတဲ့ ဆရာတိမ်တမန်ရဲ့သတင်းဆောင်းပါးမှာ စေတီတော်ကြီးပြုပြင်မွမ်းမံတည်ထားတဲ့အချိန်ကာလက ၂၀၀၅ ခုနှစ်လို့ ရေးထားတာတွေ့ရပါတယ်။ အမှန်က ၂၀၀၉ ခုနှစ်ပါ။ စေတီတော်ကြီးရဲ့ သမိုင်းမှားယွင်းမှုမှတ်သားမှုမဖြစ်စေချင်လို့ အခုဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

ဘာဖြစ်လို့ ရေးသားရပါသလဲလို့မေးလာရင်တော့ ဒီစေတီတော်ကြီး ပြုပြင်မွမ်းမံတည်ထားဖို့ စတင်စီစဉ်နေချိန်ကစပြီး ထီးတော်၊ စိန်ဖူးတော်အထွတ်တင်လှူပြီးမြောက်တဲ့အချိန်ထိ ကိုယ်တိုင်ကိုယ်ကျ အနီးကပ် ပါဝင်ဆောင်ရွက်ခဲ့ရလို့ပဲဖြစ်ပါတယ်။ စေတီတော်ကြီး မွမ်းမံဆဲကာလနဲ့ တည်ထားပြီးတဲ့အချိန်မှာ သတင်းဆောင်းပါးများကို လျှပ်တစ်ပြက်ဂျာနယ်မှာ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

အောင်စည်းခုံ စေတီတော်ကြီးကို(၂၅-၁၁-၂၀၀၉) ရက်နေ့မှာ စတင်မွမ်းမံပြုပြင်ခဲ့ပြီး (၂၇-၅-၂၀၁၀)ရက်နေ့မှာ ထီးတော်၊ စိန်ဖူးတော်အထွတ်တင်လှူပြီးမြောက်ခဲ့ပါတယ်။ ပြုပြင်မွမ်းမံမှုကာလ ခြောက်လနဲ့ နှစ်ရက်သာ ကြာမြင့်ခဲ့ပါတယ်။

စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ထားမှုကို ဦးစီးဦးဆောင်ခဲ့သူ အလှူ့ဒါယိကာမမှာ မြန်မာပိုင်အိုးနီးယားစတား ကုမ္ပဏီများအုပ်စု၏ ဥက္ကဋ္ဌဖြစ်သူ ဒေါ်သင်းအေးမောင်မောင် (အများခေါ်ဝေါ်နေကြသည့်အမည်က မလေး)ဖြစ်ပါတယ်။ အဲဒီအချိန်က ဒေါ်သင်းအေးမောင်မောင်(မလေး)ဟာ အသက်(၃၀) ကျော်ပဲရှိပါသေးတယ်။

အင်းဝခေတ်. . မင်းကြီးစွာစော်ကဲ တည်ထားကိုးကွယ်ခဲ့တဲ့ အောင်စည်းခုံစေတီတော်အကြောင်းကို မြန်မာ့သမိုင်း ရာဇဝင်မှတ်တမ်းများမှာ ဖော်ပြထားပါတယ်။ ခုတော့ချုံနွယ်ပိတ်ပေါင်းများနဲ့ ကုန်းမို့မို့ကြီးပါ။

၂၀၀၈ ခုနှစ်မှာတော့ ဘုန်းတော်ကြီးတစ်ပါးက ချုံနွယ်တွေကို စတင်ရှင်းလင်းဖယ်ရှားပါတယ်။ စကားအင်း ရွာသူရွာသားများရဲ့အကူအညီနဲ့ပါ။ စေတီတော်ပျက်ကြီး ပုံပေါ်လာတဲ့အချိန်မှာ အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဆီမီး၊ ဖယောင်းတိုင်များနဲ့ ပူဇော်ခဲ့ကြပါတယ်။

အဲဒီနှစ်မှာပဲ မြန်မာပိုင်အိုးနီးယားစတားကုမ္ပဏီအုပ်စုရဲ့စက်ရုံတစ်ရုံကို စေတီတော်ကုန်းမို့ကြီးရဲ့တောင်ဘက်မလှမ်းမကမ်းမှာ တည်ဆောက်လည်ပတ်ခဲ့ပါတယ်။ ကုမ္ပဏီဥက္ကဋ္ဌ မလေးအတွက် စက်ရုံရဲ့ မြောက်ဘက်မှာရှိနေတဲ့ စေတီတော်ကုန်းမို့မို့ကြီးကိုကြည့်ပြီး ပြုပြင်မွမ်းမံတည်ထားဖို့၊ ဒါနပါရမီဖြည့်ဆည်းဖို့ အာရုံတွေနိုးကြွလာစေခဲ့ပါတယ်။

စေတီတော်ကြီးပြုပြင်မွမ်းမံနိုင်ရေးအတွက် မိသားစုနဲ့တိုင်ပင်၊ သက်ကြီးဝါကြီးတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ဆွေးနွေး၊ သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့၊ သာသနာရေးဦးစီးဌာန၊ ရှေးဟောင်းသုတေသနဌာန၊ မြို့နယ်ခရိုင်အုပ်ချုပ်ရေးဌာနများနဲ့ ညှိနှိုင်းခဲ့ပါတယ်။ အားလုံးသဘောတူခွင့်ပြုချက်တွေ ပြည့်စုံပြီဆိုတော့ လုပ်ငန်းစပါပြီ။

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့မှာ ထုံးတမ်းစဉ်လာများနဲ့အညီ စေတီတော်ကြီး ပြုပြင်မွမ်းမံဖို့ ပန္နက်များစိုက်ထူခဲ့ပါတယ်။ ရှေးမူမပျက်အောင် ရှေးဟောင်းသုတေသနဦးစီးဌာန အကူအညီနဲ့ ပုဂံကန္တေစည်းခုံဘုရားကြီးရဲ့ပုံစံအတိုင်း ဗိသုကာဆရာက ဒီဇိုင်းရေးပါတယ်။ ပုဂံဘုရားစေတီတွေကို ပြုပြင်မွမ်းမံနေတဲ့ ပန်းရန်ဆရာ၊ ပန်းတမော့ဆရာများရဲ့လက်ကို အပ်နှံလိုက်ပါတယ်။

> **အောင်စည်းခုံစေတီတော်ကြီးတည်ထားပြီးချိန်မှာ ယခင်ကရှိနေခဲ့တဲ့ ဇာတ်တော်ပုံများပါ အစိမ်းရောင်စဥ့်ကွင်းများကို မူလနေရာအတိုင်း လက်ရာအတိုင်းထားရှိ။ ပျက်စီးနေတဲ့ မနုဿီဟပုံနောက်ပိုင်း ခန္ဓာကိုယ်နှစ်ခုဖြစ်နေသော ခြင်္သေ့ရုပ်များကို စေတီတော်ကြီး၏ တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ စနေထောင့်နဲ့ ရာဟုထောင့်များမှာ မူလပုံစံအတိုင်းပြုပြင်ထားရှိ။**

အောင်စည်းခုံစေတီတော်ကြီးရဲ့ရင်ပြင်တော်ပရိဝုဏ်က ၂၂၅ ပေပတ်လည်၊ စေတီတော်ကြီးက ၁၀၈ ပေပတ်လည်ရှိပါတယ်။ စေတီတော်ကြီးရဲ့ဉာဏ်တော်က ရင်ပြင်ကနေ စိန်ဖူးတော်အထိ ၁၀၈ ပေ၊ ခရေသီးအထိဆိုရင် ၉၈ ပေရှိပါတယ်။

သက်ဆိုင်ရာများနဲ့ညှိနှိုင်းပြီး စေတီတော်ကြီးမွမ်းမံပြုပြင်ဖို့ ကနဦးကုန်ကျစရိတ် ကျပ်သိန်း ၈၀၀ ခန့်မှန်းမတည်ခဲ့ပါတယ်။ ဒါပေမယ့် တစ်ဆက်တည်း တည်ဆောက်လိုက်တဲ့ အရှေ့ဘက်အာရုံခံတန်ဆောင်း၊ ရင်ပြင်တော်မဟာရံတံတိုင်း၊ ရင်ပြင်တော်ပတ်လည် ကွန်ကရစ်ပတ်လမ်းများအတွက်ပါဆိုတော့ အမှန်တကယ် ကုန်ကျငွေက ကျပ်သိန်း ၁၂၀၀ ကျော်သွားပါတယ်။

အဲဒီအထဲမှာ အလှူရှင်များထည့်ဝင်လှူဒါန်းတဲ့ အလှူငွေများမပါဝင်သေးပါဘူး။ တံတားဦးမြို့နယ်ဝန်းကျင် ကျေးရွာများနဲ့ စကားအင်းရွာက လုပ်အားဒါနအလှူရှင်များကို နေ့စဉ်စတုဒိသာကျွေးမွေးလှူဒါန်းတဲ့ စရိတ်တွေမပါသေးပါဘူး။

စေတီတော်ကြီးမွမ်းမံပြုပြင်တည်ထားတဲ့ကာလမှာ အချိန်ပြည့်တော့စာရေးသူရှိမနေပါဘူး။ ဒါပေမယ့် အစ၊ အလယ်၊ အဆုံးကာလသုံးပါးစလုံးမှာ စေတီတော်အလှူရှင် ဒေါ်သင်းအေးမောင်မောင်(မလေး)က အခြေအနေအရပ်ရပ်ကို အမြဲတမ်းဆက်သွယ်တိုင်ပင်နေခဲ့ပါတယ်။ မကြာခဏဆိုသလိုပဲ ရောက်ရောက်သွားပါတယ်။

အောင်စည်းခုံ စေတီတော်ကြီးတည်ထားပြီးချိန်မှာ ယခင်ကရှိနေခဲ့တဲ့ ဇာတ်တော်ပုံများပါ အစိမ်းရောင်စဥ့်ကွင်းများကို မူလနေရာအတိုင်း၊ လက်ရာအတိုင်းထားရှိခဲ့ပါတယ်။ ပျက်စီးနေတဲ့ မနုဿီဟပုံ နောက်ပိုင်းခန္ဓာကိုယ်နှစ်ခုဖြစ်နေသောခြင်္သေ့ရုပ်များကို စေတီတော်ကြီး၏ တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ စနေထောင့်နဲ့ ရာဟုထောင့်များမှာ မူလပုံစံအတိုင်းပြုပြင်ထားရှိနိုင်ခဲ့ပါတယ်။

၂၀၁၀ ခုနှစ် မေ ၂၇ ရက်မှာ ရွှေထီးတော်အထွတ်တင်လှူနိုင်ခဲ့ပါတယ်။ စာရေးသူနှင့် ဆရာကျော်မြင့်သန်း (လမ်းမတော်)တို့လည်း စိန်ဖူးတော်၊ ထီးတော်အထွတ်တင်လှူပွဲကြီးမှာ မတည်အလှူရှင် ဒေါ်သင်းအေးမောင်မောင် (မလေး)နဲ့ မိသားစုများ၊ ငွေအားလုပ်အားပါဝင်လှူဒါန်းကြသော အလှူရှင်များ၊ စကားအင်းကျေးရွာ ရွာသူရွာသားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

မလေးရဲ့ပြောစကားအရဆိုရင် စေတီတော်ကြီး ပြုပြင်မွမ်းမံဖို့ ဖြစ်တည်လာတဲ့အကြောင်းအချက်တွေက အများကြီးပါပဲ။ ဒီနေရာမှာ စက်ရုံတည်ဖို့ အခြေအနေတွေဖြစ်ပေါ်လာပုံ၊ ရေထုတ်ယူလို့မရတဲ့ဒီနယ်မြေမှာ မြေအောက်ကရေများထွက်ခဲ့ပုံ၊ စေတီတော်ပျက်ကြီး တည်နေတဲ့ကုန်းမို့မို့ကို ကြည့်လိုက်တိုင်း အတိတ်နိမိတ်တွေ တွေ့ရပုံ၊ ရှေးခေတ်ကလှုပ်ရှားသွားလာနေတဲ့ ပုံရိပ်တွေအိပ်မက်မြင်မက်ပုံစတဲ့ ထူးခြားဖြစ်စဉ်များကြောင့် ဒီအလှူဒါနကြီးကို မဖြစ်မနေဆောင်ရွက်ခဲ့ကြကြောင်း သိခဲ့ရပါတယ်။

ဒ့ါအပြင် မလေးကပြောသေးတယ်။ စေတီတော်ကြီး ပြုပြင်မွမ်းမံနေတဲ့အချိန်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ထူးခြားချက်တွေကိုပါ။ အချို့ကိစ္စတွေက ကိုယ်တိုင်မြင်တွေ့ခဲ့ရတာပါ။ စနေထောင့်မှာရှိတဲ့ ညောင်ပင်လေးရဲ့ အရွက်တွေမှာ ရွက်ကြောတွေက ပင်စည်လို အပွေးတက်နေတာတွေ(ဘုရားကြီး ထီးတော်တင်ပြီးတဲ့အချိန် သာမန်အရွက်များပြန်ဖြစ်သွားပါတယ်)၊ ဆင်လိပ်ပြာကြီးတွေအကြာကြီး လာရောက်ဖူးမြော်နားနေကြတာတွေ၊ ရာဟုထောင့်နားမှာ မှိုတွေပွင့်လာပုံတွေ၊ ရာဟုထောင့်မှာရှိနေတဲ့ပျားအုံကြီးက လုပ်ငန်းခွင်နဲ့မလွတ်လို့ နေရာရွှေ့ကြမယ်လို့ဆုံးဖြတ်ပြောဆိုပြီး နောက်တစ်နေ့ကျတော့ အင်္ဂါထောင့်ဘက်ကို ညတွင်းချင်းသူတို့ဘာသာရွှေ့သွားတာတွေ၊ ထီးတော်မတင်မီညမှာ ရွှေရောင်မြွေကြီးတစ်ကောင် အရှေ့ဘက်စောင်းတန်းလှေကားက တက်လာပြီး အရှေ့ဘက်အာရုံခံတန်ဆောင်းမှာ လာရောက်ဖူးမြော်တာ ကြည့်နေရင်းက မြွေကြီးဘယ်ရောက်သွားမှန်းမသိလိုက်တာတွေ၊ သာမန်မျက်စိနဲ့ မမြင်ရတဲ့ပုဂ္ဂိုလ်များကို အာရုံမှာတွေ့မြင်နေရပြီး စေတီတော်ကြီးပြုပြင်မှုလုပ်ငန်းများ မြန်မြန်ဆန်ဆန်(ခြောက်လနှင့်နှစ်ရက်အတွင်း)ပြီးမြောက်ခဲ့တာတွေ စတဲ့ထူးခြားချက်များပဲ ဖြစ်ပါတယ်။

ယခုအချိန်တွင် စေတီတော် ဝတ္ထုကံမြေမဟာရံတံတိုင်း၊ အဝင်မုခ်ဦးတော်၊ ဘွဲ့အမည်တော် ကျောက်စာတိုင်၊ ဂြိုဟ်ပြေနာမ်ပြေထောင့်ရှစ်ထောင့်မှ ဘုရားဆင်းတုတော်များကို ကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံတည်ဆောက်ထားပြီး ဖြစ်ပါတယ်။

ဆက်လက်၍လည်း စနေထောင့်တွင် တံခွန်တိုင်နှင့် စေတီတော်ကြီး သမိုင်းကျောက်စာ၊ ပင်မအလှူရှင်၏ ကျောက်စာနှင့် စေတီရံအလှူရှင်များ၏ ကျောက်စာများကိုဆောင်ရွက်ဦးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ရှေးဟောင်းစေတီတော်ကြီး သဏ္ဌာန်ဖြင့်ပင် တည်ရှိ စံပယ်နေသော အောင်စည်းခုံစေတီတော်ကြီးသို့ ဝင်ရောက်ဖူးမြော်လိုပါက ကျောက်ဆည်-တံတားဦး ကားလမ်းပေါ်ရှိ မုခ်ဦးမှဝင်ရောက်၍ ဖူးမြော်နိုင်ပါတယ်။ စေတီတော်ကြီးအတွက်အလှူငွေများလှူဒါန်းလိုပါကလည်း စေတီတော်ဂေါပက အဖွဲ့နှင့်သာ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သမိုင်းထုတ်ဖော်ရေးသားလိုက်ရပါကြောင်းပါခင်ဗျား။ ။

## ဗန့်ကျီနယ်မှ ဖိုလ်ဝင်တောင်တော်ဒေသဘုရားပွဲတော်သို့ နိုင်ငံခြားခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာမှုများပြား

**မုံရွာ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်မှ ဖိုလ်ဝင်တောင်ဒေသသည် မုံရွာမြို့တစ်ဖက်ကမ်း ညောင်ပင်ကြီးဆိပ်မှ ၁၄ မိုင်အကွာ ယင်းမာပင်မြို့နှင့် ခုနစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ဖိုးဝန်းတောင်ဟုခေါ်ကြသော်လည်း အမှန်တကယ်မှာ တောင်များအားလုံးကို စုပေါင်းပြီး ခေါ်ခြင်းဖြစ်သည်။ အဆိုပါ သမိုင်းဝင်ဖိုလ်ဝင်တောင်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်အား နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိရာ ယင်းမာပင် ဆားလင်းကြီးနှင့် ပုလဲမြို့နယ်အတွင်းမှ ကျေးရွာသူ၊ ကျေးရွာသားများ၊ အနီးဝန်းကျင်မြို့များမှ ပြည်သူများသာမက နိုင်ငံခြားခရီးသွားများ ပါလာရောက်လည်ပတ်ကြရှိကြောင်း သိရသည်။

“မိဘဘိုးဘွားတွေ လက်ထက် အဆက်ဆက်ကတည်းက ကျင်းပလာတာ နှစ်ပေါင်း ၇၀ ကျော်ပြီ။ အနီးပတ်ဝန်းကျင် ဒေသတွေက ကျေးရွာသူ/သားတွေဟာ တန်ခူးလမှာ တစ်ကြိမ်၊ ဝါတွင်းဝါကျွတ်နဲ့ အခုတန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ကနေ ၁၄ ရက်ထိကို တစ်ကြိမ်၊ တစ်နှစ်ကို (၃)ကြိမ် ဖိုလ်ဝင်တောင်တော်ရှင်သခင်မကို နတ်ဆက်လာရင်းနဲ့ တောင်ကြီးလေးလုံးရဲ့ ဧရိယာအတွင်းက ကျောင်းတိုက်ကိုးတိုက်မှာ ဝါဆို၊ ဝါကပ်ကြတဲ့ သံဃာတော် ၇၀ ဝန်းကျင်ကို ဆွမ်းကုသိုလ်လုပ်တဲ့ပွဲပါ။ ဘုရားပွဲတော်ကို လာရောက်ကြတဲ့ လှည်းဝိုင်းတွေမှာ ဖိုလ်ဝင်တောင်ဒေသထွက် မျှစ်ချဉ်နှင့် ဝက်သားဟင်းချက်ပြီး လှည်းဝိုင်းတွေ အပြန်အလှန် ထမင်းစားဖိတ်ကြပြီး ပျော်ဖို့ကောင်းတဲ့ပွဲပါ”ဟု ဖိုလ်ဝင်တောင်ကျေးရွာမှ အသက်(၇၀)ကျော်ရှိ ဦးတူး(ခ)ဦးမြတ်သိန်းက ပြောသည်။

အဆိုပါ ဖိုလ်ဝင်တောင်ပွဲတော်တွင် ဒေသထွက် မျှစ်ချဉ်၊ ဆေးမြစ်စုံများ၊ အခြားစားသောက်ကုန်နဲ့ တောင်သူလုပ်ငန်းသုံး ပစ္စည်းတွေ လာရောက်ရောင်းချကြပြီး တစ်နှစ်ပတ်လုံး အနယ်နယ်အရပ်မှ ဘုရားဖူးလာသူများဖြင့် ထင်ရှားသည့် ရှေးဟောင်းသမိုင်းဝင် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဝန်ထမ်းအဖွဲ့အစည်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ အထိုက်အလျောက် အောင်မြင်မှုရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ အရေးကြီးအဆိုတစ်ခု တင်သွင်းခြင်း၊ ကြယ်ပွင့်ပြမေးခွန်း (၄)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ(၂)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၂)ခု ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကျေးသီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းက **ရှမ်းပြည်နယ်ဒေသအချို့၌ လတ်တလောဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက်တာဝန်ယူ၍ အမြန်ဆုံး ကူညီစောင့်ရှောက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆို** တင်သွင်းရာ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၏ **“မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးစွဲနေသူများအတွက် ဆေးကုသ ဖြတ်တောက်သည့်ဆေးခန်းမည်မျှရှိ၍ မည်သည့်မြို့နယ်များတွင် ဖွင့်လှစ်ထားကြောင်းနှင့် ရေးမြို့နယ် လမိုင်းမြို့နှင့် ခေါဇာမြို့တို့တွင် ဆေးခန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြေကြားရာတွင် (၁၉၆၇) ခုနှစ်မှ (၂၀၀၂) ခုနှစ်အတွင်း မူးယစ်ဆေးစွဲကုဌာနကြီး(၆) ခု၊ မူးယစ်ဆေးစွဲကုဌာနငယ် (၁၈)ခု စုစုပေါင်း (၂၄) ခု ဖွင့်လှစ်ထားရှိခဲ့ကာ (၂၀၀၃) ခုနှစ်တွင် မူးယစ်ဆေးစွဲကုဌာနကြီး (၂၆) ခု၊ မူးယစ်ဆေးစွဲကုဌာနငယ် (၄၀) စုစုပေါင်း (၆၆) ခုအား ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ၎င်းအပြင် (၂၀၁၄) ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် မူးယစ်ဆေးသုံးစွဲမှုဆိုင်ရာ မြေပြင်စာရင်းဇယားများအပေါ် မူတည်ကာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄ ထုတ်ပြန်ကာ မူးယစ်ဆေးစွဲကုဌာနငယ် (၇) ခုအား တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့အထိ တစ်နိုင်ငံလုံးတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့သော မူးယစ်ဆေးစွဲကုဌာနကြီး (၂၆)ခု၊ မူးယစ်ဆေးစွဲကုဌာနငယ် (၄၇)ခု စုစုပေါင်း(၇၃)ခုကို လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ရေးမြို့နယ်နှင့် ခေါဇာမြို့တို့ရှိ မူးယစ်ဆေးစွဲသူများ၏ မြေပြင်စာရင်းဇယားများ၊ သုံးစွဲသည့် ဆေးအမျိုးအစား၊ သုံးစွဲပုံ၊ သုံးစွဲနည်းများအပေါ် မူတည်၍ သက်ဆိုင်ရာမြို့နယ်ဆေးရုံများတွင် ကုသနိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ပါကြောင်းနှင့် လိုအပ်သောဆေးဝါးများနှင့် ကုသရေးနည်းစနစ်များ ကျန်းမာရေးဝန်ကြီးဌာနတွင် အသင့်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း။

ကျေးသီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း။



ယင်းနောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက **“နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို အဓိကဖြေရှင်းရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် မည်သို့သောစနစ်ဖြင့် အရေးယူဆောင်ရွက်နေပါသနည်းနှင့် ယနေ့ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အောင်မြင်မှု ရှိ မရှိ”** တို့နှင့် စပ်လျဉ်းသည့် မေးခွန်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် တိုင်စာများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၀ နှင့် ပုဒ်မ ၄၃ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က တာဝန်ပေးအပ်သည့်အခါတွင် လည်းကောင်း၊ နစ်နာသူက တိုင်ကြားလာသည့်အခါတွင် လည်းကောင်း၊ ဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်(၃) ရပ်နှင့် ငြိစွန်းမှုမရှိလျှင် စုံစမ်းစစ်ဆေးမှုပြုလုပ်ပါကြောင်း၊ သတင်းကြားသိရုံ သက်သက်ဖြင့် စုံစမ်းစစ်ဆေးခြင်းပြုနိုင်ကြောင်းကို ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် စတင်ဖွဲ့စည်းသည့်နေ့မှ ယနေ့အထိ တရားစွဲဆို အရေးယူခဲ့သည့် ပုဂ္ဂိုလ်(၉)ဦး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူခဲ့သည့် ပုဂ္ဂိုလ် (၁၂၅)ဦးတို့ဖြစ်ပြီး စုံစမ်းစစ်ဆေးဆဲကိစ္စရပ် (၃) ခု ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးပို့ပြီး ဖြေရှင်းဆောင်ရွက်ပေး၍ ပြေလည်သွားသောကိစ္စရပ် (၃၁) ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်သို့ ပြန်လည်ပေးလျော်စေသည့် ငွေပေါင်းမှာ စုစုပေါင်း ကျပ် ၂၀ ၆၈၅ ၀၀၀ ဖြစ်ပါကြောင်း၊ တိုင်စာများကို ကော်မရှင်မှ တိုက်ရိုက်စစ်ဆေး တရားစွဲအရေးယူခြင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်လည်းကောင်း၊ ဌာနဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ကော်မရှင်အနေဖြင့် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာန (၃၀) နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတည်ရှိရာ မြို့ကြီးများရှိ ဝန်ထမ်းအဖွဲ့အစည်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောမှုများ ပြုလုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ အထိုက်အလျောက် အောင်မြင်မှုရှိသည်ဟု သုံးသပ်ရရှိပါကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ ယင်းကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည့်အလျောက် ယင်းပြဋ္ဌာန်းချက်များကို လိုက်နာနိုင်မှုအပေါ် မိမိနိုင်ငံက အခြားနိုင်ငံအပေါ် သုံးသပ်ခြင်းနှင့် မိမိနိုင်ငံအပေါ် အခြားနိုင်ငံက သုံးသပ်မှုကို ခံယူခြင်းလုပ်ငန်းများကိုလည်း ၂၀၁၅ ခုနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဤကော်မရှင်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတင်ပြဋ္ဌာန်းပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ရာ အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာ ချမှတ်နေရသည့်သဘောဖြစ်ပါကြောင်း၊ အခြေခံအုတ်မြစ်ခိုင်မာပြည့်စုံမှသာ ရေရှည်လုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်သည်ကိုလည်း အားလုံးသဘောပေါက်နားလည်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက ဖတ်ကြားတင်ပြပြီး ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကော်မတီဝင် ဒေါ်ခင်သန်းမြင့်က ဖတ်ကြားတင်ပြပြီး ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီမှ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကာ အတည်ပြုရန်အတွက် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❐

အမျိုးသားလွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း၊ လက်နက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အစိုးရအောင်ဘာလေထီဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **အစိုးရအောင်ဘာလေထီဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်း ၄ ခုဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးတွင် **၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ယခုဥပဒေကို ဆိုင်များနှင့် အလုပ်ဌာနများအတွက်သာမက အလုပ်သမားများ၊ ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာ ပြည်သူများအတွက်ကိုပါ ထည့်သွင်းစဉ်းစား၍ ရေးဆွဲသင့်ပါကြောင်း၊ ထို့ပြင် ဥပဒေကြောင်းအရ အရေးယူရာ၌ တရားရုံးများတွင်သာ အမှုရင်ဆိုင်ရန် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း၊ အလားတူ အလုပ်ရုံနှင့် အလုပ်ဌာနပတ်ဝန်းကျင်ကိုလည်း သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်သင့်သည်ကိုလည်း ထည့်သွင်းရေးဆွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ဆက်လက်၍ **လက်နက်အက်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က လက်နက်အမျိုးအစားတူသော်လည်း ဒေသအလိုက် အခေါ်အဝေါ်များကွဲပြားသည့်အတွက် စနစ်တကျ အမည်စာရင်းစစ်ဆေး၍ လက်နက်စာရင်းတွင် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း၊ ဤဥပဒေကိုအချိန်ယူ၍ ယခုထက် ပိုမိုပြည့်စုံသည့် ဥပဒေဖြစ်အောင် ပြန်လည်ရေးဆွဲသင့်ပါကြောင်းဖြင့်ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဖုန်းမြင့်အောင်။



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်။

ထို့ပြင် **အစိုးရအောင်ဘာလေထီဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ဥပဒေကြမ်းတွင်ပါရှိသည့် ထီရုံထောင်ခြင်းကို တားမြစ်ခြင်းနှင့် ဖောက်ဖျက်ပါက အပြစ်ပေးသည်ကို ထောက်ခံပါကြောင်း၊ အီလက်ထရွန်နစ်ထီလုပ်ငန်းကို ပုဂ္ဂလိကသို့ပေးခြင်းဖြင့် အောင်ဘာလေထီကို လောင်းကစားပုံစံအဖြစ် အသုံးချပြီး အမြတ်ရှာနိုင်ပါကြောင်း၊ ကံစမ်းမဲအဖြစ်ရှိနေသည့် အောင်ဘာလေထီကို လောင်းကစားအဖြစ် အသုံးချနိုင်ရန် ပါမစ်ပေးလိုက်သည့်သဘော သက်ရောက်ပါကြောင်း။

ပါမစ်စနစ်သည် ပါမစ်ပေးသူနှင့် ရသူတို့အတွက် အကျိုးရှိပြီး တိုင်းပြည်နှင့် ပြည်သူတို့အတွက် အကျိုးနည်းသည့်စနစ်တစ်ခုဖြစ်၍ မကျင့်သုံးသင့်ကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ လေ့လာသုံးသပ်ချက်ကို ထောက်ခံပါကြောင်း၊ သို့ရာတွင် ထီရုံထောင်ခြင်းနှင့် ကံစမ်းကစားခြင်းကို လောင်းကစားဥပဒေအရ လောင်းကစားခြင်းဟု သတ်မှတ်သော်လည်း အစိုးရအောင်ဘာလေထီသည် ကံစမ်းမဲဖောက်သည့်သဘောသာဖြစ်၍ လောင်းကစားခြင်းဥပဒေနှင့် မငြိစွန်းသည့်အတွက် ဤဥပဒေပြဋ္ဌာန်းရန်မသင့်ဟု ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ကန့်ကွက်ပါကြောင်း၊ ကံစမ်းမဲ၏ အကျိုးတရားသည် အစိုးရသို့မဟုတ် အဖွဲ့အစည်းရန်ပုံငွေရရှိခြင်း၊ ကံစမ်းမဲပေါက်ရာတွင် များများပေါက်ပါက များများအကျိုးရှိပြီး နည်းနည်းပေါက်လျှင် နည်းနည်းအကျိုးရှိပါကြောင်း၊ ကံစမ်းမဲမပေါက်လျှင် ထိခိုက်နစ်နာမှု ကြီးကြီးမားမားမရှိသည့်အတွက် အစိုးရအောင်ဘာလေထီသည် ကံစမ်းမဲဖောက်သောသဘောဖြစ်၍ လောင်းကစားခြင်းနှင့် မငြိစွန်းကြောင်းကို တင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးရာ လွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ထို့နောက် ဥပဒေကြမ်းကော်မတီက **စက်မှုလုပ်ငန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အစီရင်ခံစာကိုတင်သွင်းရာ အမျိုးသားလွှတ်တော်က ကော်မတီ၏ အစီရင်ခံစာအရ ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ


ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်။


ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်။

❐ ရှေ့ဖုံးမှ

ဘယ်လို အကောင်အထည်ဖော်သွားမလဲ ဆိုတာတွေ ဆွေးနွေးကြပါတယ်။ ပြီးရင်တော့ အာဆီယံဆွေးနွေးဖက်နိုင်ငံတွေ အာဆီယံ+၁ နိုင်ငံတွေ၊ အပေါင်း ၁ ဆိုတာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေဖြစ်တဲ့ အာဆီယံ+တရုတ်၊ အာဆီယံ+ဂျပန်၊ အာဆီယံ+ကိုရီးယား၊ အာဆီယံ+US၊ အာဆီယံ+ နယူးဇီလန်၊ အာဆီယံ+အိန္ဒိယ စတဲ့ ဆွေးနွေးဖက်နိုင်ငံတွေနဲ့ ထိပ်သီးစည်းဝေးပွဲတွေ လုပ်တာပါ။

နောက်တစ်ခုကတော့ EAS ပေါ့။ EAS ဆိုတာ အရှေ့အာရှထိပ်သီးအစည်းအဝေး East Asia Summit လို့ခေါ်တယ်။ ဒီအရှေ့အာရှထိပ်သီးအစည်းအဝေးမှာတော့ နိုင်ငံပေါင်း (၁၈)နိုင်ငံပါပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှား၊ အိန္ဒိယ စသည်ဖြင့် နိုင်ငံတွေအပါအဝင် အားလုံး(၁၈) နိုင်ငံက ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ဆွေးနွေးခဲ့ကြတဲ့ ဘာသာရပ်တွေကတော့ ကမ္ဘာတစ်လွှားမှာ ဖြစ်ပေါ်နေတဲ့ အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ အပြစ်မဲ့တဲ့ပြည်သူတွေ အတိဒုက္ခရောက်အောင် ဆောင်ရွက်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ရပ်တန့်သွားအောင် ဘယ်လိုဆက်လက်ဆောင်ရွက်ကြမလဲ။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံအားလုံးကနေ တာဝန်သိစွာနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ သတင်းအချက်အလက်တွေ ဖလှယ်ပြီးတော့ ဆွေးနွေးခဲ့ကြသလို ဒီအာဆီယံဒေသကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်ရေးကိစ္စ၊ အထူးသဖြင့် ပင်လယ်ရေကြောင်းသွားလာမှုကိစ္စ လုံခြုံမှုနဲ့ ကုန်သွယ်လေကြောင်းသွားလာမှုတွေမှာ လွတ်လွတ်လပ်လပ်နဲ့ လုံလုံခြုံခြုံ သွားနိုင်ဖို့၊ လေယာဉ်တွေရဲ့ ပျံသန်းမှုတွေမှာလည်း လွတ်လွတ်လပ်လပ် ပျံသန်းနိုင်ခွင့်ရရှိရေး၊ တောင်တရုတ်ပင်လယ်မှာ ငြိမ်းချမ်းမှုရရှိရေး၊ တင်းမာမှုတွေမရှိဘဲနဲ့ စစ်ရေးအရ တိုးချဲ့တည်ဆောက်မှုတွေ မပြုလုပ်ရေး စသဖြင့် တောင်တရုတ်ပင်လယ် ကိစ္စရပ်တွေမှာ သက်ဆိုင်ရာနိုင်ငံတွေအချင်းချင်း ငြိမ်းချမ်းစွာနဲ့ ပြေလည်စွာဖြေရှင်းဖို့ဆိုတဲ့ ကိစ္စရပ်တွေ အဓိကထား ဆွေးနွေးခဲ့ပါတယ်။

အလားတူပဲ ကမ္ဘာကြီးပေါ်မှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်တွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေအနေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ အထူးသဖြင့် အာဆီယံဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ ပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ပြဿနာတစ်ခုကတော့ တောမီးတွေလောင်တဲ့ နေရာကနေပြီး မီးခိုးငွေ့တွေ ပျံ့နှံ့နေတဲ့ အတွက် နိုင်ငံတစ်နိုင်ငံတည်းသာမကဘဲ တစ်ခြားနိုင်ငံအတွင်းမှာပါ သက်ရောက်မှုတွေရှိတယ်။ ဒါတွေကိုလည်း ရှေ့လျှောက်ပြီးတော့ ဘယ်လိုပြုပြင်ပြောင်းလဲသွားမလဲ။ ဘယ်လိုကာကွယ်သွားမလဲ။ နောက်တစ်ခုက ကပ်ရောဂါတွေပါ။ ကပ်ရောဂါနဲ့ ပတ်သက်ပြီးတော့ ပျံ့နှံ့မှုတွေနဲ့ ကာကွယ်မှုတွေ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ ဘာသာရပ်တော်တော်များများမှာ အမြင်ချင်းဖလှယ်ပြီးတော့ ဆွေးနွေးခဲ့တယ်။ အထူးသဖြင့်ကတော့ အာဆီယံအသိုက်အဝန်း ထူထောင်ရေးကိစ္စ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ အာဆီယံအသိုက်အဝန်းထူထောင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့် အာဆီယံအဖွဲ့ကြီးရဲ့ နှစ်ပေါင်းများစွာ ကြိုးစားဆောင်ရွက်လာခြင်းရဲ့ ရလဒ်အသီးအပွင့်အဖြစ်နဲ့ အာဆီယံအသိုက်အဝန်းတစ်ခုကို စတင်ထူထောင်တော့မယ်။ ဒီလိုစတင်ထူထောင်တဲ့အခါမှာ အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ကိစ္စရပ်တွေနဲ့ နိုင်ငံအသီးသီးက ဖြည့်စွမ်းရမယ့် မဏ္ဍိုင်(၃)ခု ရှိပါတယ်။ မဏ္ဍိုင်(၃)ခုက နိုင်ငံရေးနဲ့ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုနဲ့ ဒီမဏ္ဍိုင်ကြီး (၃)ရပ်လုံးက အာဆီယံ Community လို့ ပေါ်ပေါက်လာရင် ဘယ်လိုလုပ်ငန်းတွေကို စတင်ပူးပေါင်းဆောင်ရွက်ကြမလဲ။ ပြည်သူလူထုတွေအနေနဲ့ အာဆီယံ(၁၀)နိုင်ငံရဲ့ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရမလဲ။ ရှေ့ဆက်ပြီးတော့လည်း ဘယ်လိုညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားကြမလဲ။ ဥပမာ ASEAN Free Trade Area တွေ ပေါ်လာမယ်။ ပေါ်လာတဲ့အခါမှာ အခွန်အတုပ်တွေနဲ့ ပတ်သက်ပြီး ကင်းလွတ်ခွင့်တွေရရှိလာမယ်။ ပြီးရင် အဖွဲ့ဝင်နိုင်ငံအသီးသီးမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကို လွယ်လွယ်ကူကူနဲ့ လွတ်လွတ်လပ်လပ် ပိုမိုပြီးတော့ ကူးလူးဆက်ဆံနိုင်မယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တင်ပို့တဲ့ကုန်တွေနဲ့ ပတ်သက်ပြီးတော့ အခွန်အတုပ် ကင်းလွတ်ခွင့်တွေရမယ် စသည်ဖြင့် ရှေ့ဆက်လုပ်ဆောင်သွားရမယ့် လုပ်ငန်းတွေကို အသိုက်အဝန်းတစ်ခုအနေနဲ့ သန်း ၆၀၀ ကျော်သော (၁၀)နိုင်ငံက ပြည်သူတွေအနေနဲ့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနဲ့ သာတူညီမျှရှိတဲ့ အခွင့်အလမ်းတွေ ရရှိဖို့အတွက် ဆက်လက်တည်ဆောက်သွားမယ်ဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေ ဆွေးနွေးခဲ့တယ်။

ထိပ်သီးအစည်းအဝေးတွေ မတိုင်ခင်မှာလည်း ဝန်ကြီးများအဆင့် အစည်းအဝေးတွေ လုပ်တဲ့အခါမှာ အထူးသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တာကတော့ နိုင်ငံရေးနဲ့ လုံခြုံရေးအစည်းအဝေး၊ နောက်တစ်ခုကတော့ ACC လို့ခေါ်တဲ့ ASEAN Coordinate Counsel ဒီအစည်းအဝေးနှစ်ခု လုပ်ပြီးတဲ့အခါမှာ နိုင်ငံရေးနဲ့ လုံခြုံရေးဆိုင်ရာ ကဏ္ဍတွေမှာလည်း ဘယ်လိုရှေ့ဆက်ပြီးတော့ ဆောင်ရွက်သွားကြမလဲ။ အဓိကကတော့ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားကြဖို့ အာဆီယံနိုင်ငံတွေအတွင်းမှာလည်း ရှိခဲ့ပြီးသား အစဉ်အလာဖြစ်တဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကိစ္စရပ်တွေနဲ့ ဆွေးနွေးစရာကိစ္စရပ်တွေ ပေါ်ပေါက်လာရင်လည်း မိသားစုစိတ်ဓာတ်နဲ့ အဆင်ပြေချောမွေ့စွာနဲ့ ငြိမ်းချမ်းစွာဖြေရှင်းရမယ့် လမ်းစဉ်ကို ဆက်လက်ပြီးတော့ ကိုင်တွယ်ထားဖို့ဆိုတဲ့ နည်းလမ်းဖြစ်ပါတယ်။

အာဆီယံအသိုက်အဝန်းတစ်ခု ပေါ်ပေါက်လာတဲ့အခါမှာ နိုင်ငံခြားရေးမူဝါဒပိုင်းဆိုင်ရာမှာတော့ အထူးတလည် ပြောင်းလဲစရာ မရှိဘဲနဲ့ ဒီထက်ပိုပြီးတော့ ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ကောင်းမွန်တဲ့ တူညီဆန္ဒတွေကိုရယူပြီး ဒေသကြီးတစ်ခုလုံးနဲ့ ပြင်ပကမ္ဘာ့နိုင်ငံတွေ၊ အထူးသဖြင့် ဆွေးနွေးဖက်နိုင်ငံတွေ၊ နောက်တစ်ခါ EAS ဆိုတဲ့ အာရှထိပ်သီးအဖွဲ့မှာပါဝင်တဲ့ နိုင်ငံတွေတင်မကဘဲနဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရဲ့ ကျန်တဲ့ ဒေသအသီးသီးကနိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံတဲ့အခါမှာလည်း အာဆီယံ(၁၀) နိုင်ငံရဲ့အခန်းကဏ္ဍနဲ့ အာဆီယံရဲ့ ဗဟိုကျမှုကို ဆက်လက်ထိန်းသိမ်းသွားပြီး ရှေ့ကဏ္ဍအသီးသီးမှာလည်း အာဆီယံရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ စည်းလုံးညီညွတ်မှုကို ပြသနိုင်တဲ့ ရှေ့လုပ်ငန်းစဉ်ချမှတ်သွားဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကလည်း အခုအချိန်မှာတော့ နိုင်ငံအားလုံးနဲ့ တန်းတူရည်တူရှိမှု၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်မှုကြီး (၅)ချက်ကို အခြေခံပြီးတဲ့အခါမှာ နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားဖို့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေရဲ့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းထားဖို့၊ မြန်မာနိုင်ငံရဲ့ လွတ်လပ်တက်ကြွပြီးတော့ ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒအရပဲ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိနဲ့ နိုင်ငံအားလုံးနဲ့ တန်းတူရည်တူရှိရှိ ရှေ့ကိုလျှောက်လှမ်းဆက်ဆံသွားဖို့ လိုပါတယ်။ နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာလည်း ပိုမိုပွင့်လင်းမြင်သာလာတဲ့အလျောက် မိမိနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒဟာလည်းပဲ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ သဟဇာတဖြစ်ပြီးတော့ ညီညီညွတ်ညွတ်နဲ့ ချစ်ချစ်ခင်ခင် ပူးပေါင်းဆောင်ရွက်သွားမယ်။ ကမ္ဘာ့အရေးအခင်းတွေ၊ ကမ္ဘာ့ရေးရာတွေ ရှိလာရင်လည်းပဲ မြန်မာနိုင်ငံအနေနဲ့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမယ်ဆိုတဲ့ မူဝါဒကိုလည်း ဆက်လက်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်တဲ့အခါမှာလည်း အခုလို Community ပေါ်ပေါက်လာတဲ့အတွက် မိမိတို့ချမှတ်တဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ နိုင်ငံအားလုံးနဲ့ ဒီထက်ဒီထက်ပိုပြီးတော့ ကောင်းမွန်တဲ့ ဆက်ဆံရေးတွေ ထူထောင်ပြီးတဲ့အခါမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုအားလုံးရဲ့ တိုးတက်စည်ပင်ဖွံ့ဖြိုးရေးအတွက်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**
**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

အခုအစည်းအဝေးမှာ အဓိကအားဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်း အဓိကထားပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းအပိုင်းမှာ အသိုက်အဝန်း (၃)ခုရှိပါတယ်။ အသိုက်အဝန်းတစ်ခုကတော့ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ ဖြစ်ပါတယ်။ အသိုက်အဝန်း (၃)ခုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ တစ်ပြိုင်နက်တည်း နိုင်ငံအားလုံးမှာ ထူထောင်ဖို့အတွက် အဆုံးအဖြတ်လုပ်ကြတာဖြစ်ပါတယ်။ အဲဒါက အာဆီယံ အသိုက်အဝန်းကြီးတစ်ခုလုံးရဲ့ အောင်မြင်မှုအနေနဲ့ ဆွေးနွေးကြတာဖြစ်ပြီး မလေးရှားနိုင်ငံအနေနဲ့ မနှစ်က ကျွန်တော်တို့နိုင်ငံက ဥက္ကဌလုပ်ခဲ့တဲ့ အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ကြိုတင်ဆောင်ရွက်ချက်အပေါ်မှာ အခြေခံပြီး မလေးရှားက ဒီအာဆီယံအသိုက်အဝန်းကို လာမယ့် ဒီဇင်ဘာ ၃၁ ရက်မှာ အပြီးထူထောင်သွားမယ်ဆိုတဲ့ သဘောတူညီချက်ကို ကွာလာလမ်ပူကြေညာစာတမ်းမှာ ဖော်ပြပြီးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

စီးပွားရေးအတွက်က အထူးသဖြင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြင်ဆင်ပြီး ဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးအသိုက်အဝန်းမှာ အပိုင်းလေးပိုင်းရှိပါတယ်။ နံပါတ်တစ်က အာဆီယံ၏ တစ်ခုတည်းသော ထုတ်လုပ်မှုဖြစ်ပါတယ်။ အာဆီယံဒေသတွင်း ထုတ်လုပ်မှုဆိုရင် အခု ဥရောပနိုင်ငံမှာ Made in EU လို့ရေးတယ်။ ကာလရှည်မှာ Made in ASEAN လို့ရေးနိုင်အောင် တစ်ခုတည်းသော ထုတ်လုပ်မှုမှာ ပုံစံလည်းတူမယ်။ အရည်အသွေးလည်းတူမယ်ဆိုတာတွေကို ညှိနှိုင်းဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်တစ်ခုက ကုန်စည်ကုန်သွယ်ရေးလို့ခေါ်တဲ့ ကုန်စည်တွေကို အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှာ လွတ်လပ်စွာစီးဆင်းခွင့်ဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ ပညာရှင်တွေက အာဆီယံဒေသတွင်းမှာ လွတ်လွတ်လပ်လပ် သွားလာခွင့်ကို အဓိကအားဖြင့် ထူထောင်တာရှိသလို အာဆီယံဒေသတွင်းမှာ ငွေကြေးအရင်းအနှီးတွေကို လွတ်လွတ်လပ်လပ် ကူးသန်းနိုင်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်လိုက်တဲ့အခါ နိုင်ငံတစ်နိုင်ငံမှာ လိုအပ်နေတဲ့ ငွေကြေး၊ ကုန်ပစ္စည်း၊ ကျွမ်းကျင်လုပ်သားတွေအတွက် အခွင့်အလမ်းတွေရှိသလို တစ်ဖက်ကလည်း လိုအပ်တဲ့နေရာမှာ ကျွမ်းကျင်သူတွေကို လိုသလို ဖြည့်ဆည်းပေးနိုင်တာရှိသလို ပြန်ပို့နိုင်တာလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ နောက်တစ်ခုက ယှဉ်ပြိုင်မှုရှိပြီး ပွင့်လင်းတဲ့ ဒေသစီးပွားရေးပုံစံ ပြန်လည်တည်ထောင်ခြင်းဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုရှိတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက လုပ်ငန်းတွေ၊ စက်ရုံတွေ၊ ပညာရှင်တွေ အားလုံးကလည်း ယှဉ်ပြိုင်မှုဈေးကွက်ထဲဝင်ရမှာဖြစ်တဲ့အတွက် အရည်အသွေး ပိုကောင်းလာဖို့လိုသလို အရည်အသွေးလည်း ပိုကောင်းလာရမှာ ဖြစ်ပါတယ်။

နောက်အချက်က အာဆီယံမှာ မူလအာဆီယံငါးနိုင်ငံဆိုတာ သပ်သပ်၊ ဘရူနိုင်းက သပ်သပ်၊ နောက် CLMV လို့ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ဒီလေးနိုင်ငံက သပ်သပ်ဖြစ်နေတာကို အတတ်နိုင်ဆုံးညီမျှသွားအောင်၊ ဖွံ့ဖြိုးမှုတွေညီမျှသွားအောင်၊ တိုးတက်မှုတွေ ညီမျှသွားအောင်၊ လူမှုရေး၊ ကျန်းမာရေးက အစအကုန်လုံးဆောင်ရွက်သွားနိုင်အောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကြိုတင်ပြင်ဆင်မှုအနေနဲ့ ၉၅ ဒသမ ၄ ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့အချိန်အတွင်းမှာ ရာနှုန်းပြည့်ဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဆောင်ရွက်မှုတွေ အများကြီးပြီးနေတဲ့ နိုင်ငံဖြစ်ပါတယ်။ သွင်းကုန်ခွန်ကိစ္စပြီးပါပြီ။ ကျန်တာကတော့ သွင်းကုန်ခွန်မဟုတ်သော ကုန်သွယ်ရေးအတားအဆီးတွေ၊ ပါမစ်တို့၊ ကုန်သွယ်ရေးမူဝါဒအချို့တို့ပဲကျန်တယ်။ အာဆီယံတစ်ခုလုံးအနေနဲ့ ကြည့်မယ်ဆိုရင် ၉၂ ဒသမ ၇ ရာခိုင်နှုန်းပဲ ပြီးသေးတာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ ကြိုတင်ပြင်ဆင်မှုအနေနဲ့က ၉၅ ရာခိုင်နှုန်းကျော်ပြီးနေပြီ ဖြစ်တဲ့အတွက် တော်တော်ပြီးနေပါပြီ။

စီးပွားရေးနဲ့ ပတ်သက်ပြီး သဘောတူညီချက်က အာဆီယံ-တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်နဲ့ အဲ့ဒီအောက်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူစာချုပ်တွေကို ပြင်ဆင်တဲ့ အခြေပြစာချုပ်ကို ပြန်လည်ပြင်ဆင်ပါတယ်။ အာဆီယံ-တရုတ် ကုန်သွယ်မှုစာချုပ်ကတော့ အစောဆုံးအနေနဲ့ ဘက်စုံပူးပေါင်းမှု မူဘောင်ကို ၂၀၀၂ ခုနှစ်ကတည်းက စထိုးခဲ့တာဖြစ်တဲ့အတွက် ၁၃ နှစ်လောက်ရှိပါပြီ။ ကုန်စည်ကုန်သွယ်ရေးနဲ့ပတ်သက်လို့ ၂၀၀၄ မှာထိုးခဲ့တာဖြစ်တဲ့အတွက် ၁၁ နှစ်ရှိပါပြီ။ ဝန်ဆောင်မှုကုန်သွယ်ရေးမူဘောင်ကို ၂၀၀၇ ခုနှစ်က ထိုးခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးမူဘောင်ကို ၂၀၀၉ ခုနှစ်က ထိုးခဲ့တယ်။ လက်မှတ်ရေးထိုးပြီးမူဘောင် လေးခုရှိပြီ။ ဘက်စုံကုန်သွယ်ရေး၊ ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးဖြစ်ပါတယ်။ အခုထိုးခဲ့တာက ဒါကိုအနည်းငယ်ပြင်ဆင်တဲ့ မူဘောင်ဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်လိုက်တာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း ပိုရလာမှာဖြစ်ပါတယ်။ အကောက်ခွန်နဲ့ပတ်သက်လို့ ကျွန်တော်တို့ဆီကပို့တဲ့ ပို့ကုန်ကို ပိုပြီးလျှော့ပေါ့တဲ့အခွန်နှုန်းနဲ့ရမှာဖြစ်ပြီး ကုန်စည်တွေပိုပြီး တင်ပို့နိုင်မှာဖြစ်ပါတယ်။ အကောက်ခွန်ဆိုင်ရာနဲ့ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ပိုမိုရှင်းလင်းစွာ စည်းမျဉ်းစည်းဝါးကိုက် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်လည်း ပို့ကုန်သွင်းကုန်လုပ်တဲ့အခါမှာ အချိန်သက်သာခြင်း၊ စရိတ်စကသက်သာခြင်း စတာတွေကို ရရှိမှာဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တရုတ်နိုင်ငံအကြားမှာ အကန့်အသတ်တွေကို ဖြေလျှော့ပေးနိုင်တာဖြစ်တဲ့အတွက် ဝန်ဆောင်မှုတွေနဲ့ပတ်သက်လို့ ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ခြုံပြီးကြည့်ရင် အာဆီယံအသိုက်အဝန်းကြီးဖြစ်လာပြီဆိုတော့ ပိုပြီးလွယ်ကူချောမွေ့လာမယ်။ နယ်စပ်ကုန်သွယ်ရေးရော၊ ပုံမှန်ကုန်သွယ်ရေးရော ပိုမိုလွယ်ကူချောမွေ့လာအောင် ကျွန်တော်တို့က ပါဝင်ပြီးတော့ လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**
**ပြန်ကြားရေးဝန်ကြီးဌာန**

ဒီတစ်ခေါက်လုပ်တဲ့ ထိပ်သီးအစည်းအဝေးဟာ အာဆီယံထိပ်သီးအစည်းအဝေးရော၊ နောက်တစ်ခါ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေတက်တဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေးမှာရော အဓိကအားဖြင့်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ပြောရင် မြန်မာနိုင်ငံမှာ သမ္မတကြီးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးနိုင်တဲ့အပေါ်မှာရော၊ နောက်တစ်ခါ ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာပြီးတော့မှ ချောမွေ့စွာ တာဝန်လွှဲပြောင်းပေးမယ်လို့ ကတိပြုတဲ့အပေါ်မှာရော ဝိုင်းဝန်းပြီးတော့ ချီးကျူးကြပါတယ်။

ကျွန်တော်တို့ ပြန်ကြည့်လိုက်ရင် ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့အချိန်ကနေစပြီး မြန်မာနိုင်ငံဟာ အာဆီယံအတွက် တစ်ခါတလေ နိုင်ငံတကာဆက်ဆံရေးမှာ အနှောင့်အယှက်လိုမျိုး၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

## ပြည်တွင်းရေးရာ

❖ စာမျက်နှာ ၈ မှ

ဝန်ထုပ်ဝန်ပိုးလိုမျိုးဖြစ်ခဲ့တာရှိတယ်။ အထူးသဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေနဲ့ အာဆီယံနဲ့ ပူးပေါင်းဆောင်ရွက်မယ့်လုပ်ငန်းတွေမှာ မြန်မာပါသင့်၊ မပါသင့်ဆိုတာကို အများကြီး ငြင်းခုံခဲ့ရတာတွေရှိတယ်။ ဒါပေမယ့် သမ္မတကြီးတာဝန်ယူတဲ့ ၂၀၁၁ ခုနှစ်ကစပြီးတော့ ကျွန်တော်တို့လုပ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် မြန်မာနိုင်ငံဟာ တကယ့်တင်းပြည့်ကျပ်ပြည့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာတယ်။ အာဆီယံနဲ့ နိုင်ငံတကာ ဆက်ဆံရေးကြားထဲမှာလည်း မြန်မာနိုင်ငံက အနှောင့်အယှက်မဟုတ်တော့ဘဲနဲ့ မြန်မာနိုင်ငံက အားတစ်ခုဖြစ်လာတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌရာထူးကို တာဝန်ယူခဲ့တယ်။ ၂၀၁၅ မှာ ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်ပြီး ၂၀၁၆ ကို ကျွန်တော်တို့ လွှဲပေးတဲ့အခါကျရင် ဘယ်လိုဖြစ်သွားမလဲဆိုတော့ မလေးရှားဝန်ကြီးချုပ်ပြောတဲ့ စကားတွေလိုပဲ သမ္မတကြီးရဲ့ ပြုပြင်ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက်သာမက အာဆီယံဒေသတစ်ခုလုံးအတွက်ရော၊ နိုင်ငံတကာအသိုက်အဝန်းအတွက်ရော အင်မတန်မှ တန်ဖိုးရှိတဲ့ ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကို ပေးနိုင်ခဲ့တယ်လို့ ဆိုတဲ့စကားရှိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ သက်တမ်းကာလမှာ မြန်မာနိုင်ငံကို နိုင်ငံတကာနဲ့ရော၊ အာဆီယံနဲ့ရော ပြန်လည်ချိတ်ဆက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီ။ သမ္မတကြီးက အာဆီယံ ထိပ်သီးအစည်းအဝေးကို တက်ခဲ့တာ ကိုးနှစ်ပေါ့။ ဒီအစည်းအဝေးကတော့ သမ္မတကြီးရဲ့ နောက်ဆုံးတက်ရောက်တဲ့အစည်းအဝေးပါ။ ဒီနှစ်မှာတော့ သမ္မတကြီးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဂုဏ်တက်အောင် လုပ်နိုင်ခဲ့တယ်။ ဘာပဲပြောပြော နောင်လာမယ့် အစိုးရလက်ထက်မှာတော့ မြန်မာနိုင်ငံဟာ ပိုပြီးတော့မှ အာဆီယံအဖွဲ့ အတွင်းမှာရော၊ ဒေသတွင်းရေးရာတွေမှာရော ပိုပြီးတော့ တက်တက်ကြွကြွ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

အဓိကကတော့ အခုပထမဆုံး တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းဖြစ်သွားပြီ။ အာဆီယံအသိုက်အဝန်း ဖြစ်သွားတဲ့အတွက်ကြောင့် စီးပွားရေးအရပြောရရင် ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အခွင့်အလမ်းတွေလည်း ပိုရလာတယ်။ တစ်ဖက်ကလည်း နိုင်ငံတကာက အထူးသဖြင့် အာဆီယံနိုင်ငံတွေက ဝင်လာမယ့်လုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် မိမိရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်ဖို့ လိုအပ်တယ်ဆိုတဲ့ စိန်ခေါ်မှုလည်းရှိတော့ ဒီနှစ်ခုလုံးအတွက် ကျွန်တော်တို့က ပြင်ဆင်ရမှာပါ။ နိုင်ငံရေးအရပြောရင်တော့ ခုနက ကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့က ဘာပဲပြောပြော ဒီရွေးကောက်ပွဲအပြီး နောက်တစ်ခါ တာဝန်ယူရင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဟာ ပိုပြီးတော့ အဆင့်တက်သွားတယ်။ အဆင့်တက်သွားတာနဲ့အမျှ ကျွန်တော်တို့က ဒေသတွင်းနဲ့ အာဆီယံရေးရာမှာ ပိုပြီးတော့ တက်တက်ကြွကြွလုပ်ရမယ်။ လုပ်တဲ့အခါမှာ အဲ့ဒီကိစ္စတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ဌာနဆိုင်ရာတွေအားလုံးက ပိုပြီးတော့ပြင်ဆင်ထားရမယ်။ ဘာပဲပြောပြော မြန်မာနိုင်ငံ ဂုဏ်တက်တယ်ဆိုတာ သမ္မတကြီးတစ်ယောက်တည်း ဂုဏ်တက်တာ မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံလုံး ဂုဏ်တက်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတကာမှာရှိနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေလည်း ပိုပြီးတော့မှ ဂုဏ်ယူစရာဖြစ်လာမယ်။ မြန်မာနိုင်ငံသူနိုင်ငံသား မြန်မာအလုပ်သမားတွေနဲ့ ပတ်သက်ရင်လည်း နိုင်ငံတကာကလည်း အရင်တုန်းကလိုမျိုး မျက်နှာလွှဲခဲပစ်လုပ်တာ မဟုတ်ဘဲနဲ့ ပိုပြီးတော့မှ ဂရုစိုက်လာတော့မယ်။ ပိုပြီးတော့ အခွင့်အရေးတွေ ရလာတော့မယ်လို့ ကျွန်တော်ထင်တယ်။

### ဦးအောင်လင်း(အမြဲတမ်းအတွင်းဝန်) နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံတော်သမ္မတက ၂၀၀၇ ခုနှစ်ကတည်းကစပြီး အာဆီယံထိပ်သီး အစည်းအဝေးတွေကို မြန်မာပြည်ကိုယ်စား ခေါင်းဆောင်အနေနဲ့ တက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်က အခြေအနေနဲ့ လက်ရှိ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရဲ့ အခြေအနေဟာ အင်မတန်တိုးတက်ပြောင်းလဲနေပါပြီ။ အဲ့ဒီအချိန်တုန်းကဆိုရင် ကုလသမဂ္ဂက ကျွန်တော်တို့အပေါ်ကို မြင်တဲ့အမြင်နဲ့ အခုလက်ရှိအခြေအနေမှာ ကုလသမဂ္ဂက ကျွန်တော်တို့အပေါ် မြင်တဲ့အမြင်က လုံးဝကွဲပြားခြားနားသွားတယ်ဆိုတာကို ကျွန်တော်သတိထားမိပါတယ်။

၂၀၀၇ ခုနှစ်တုန်းကဆိုရင် ရွေးကောက်ပွဲလည်းမလုပ်ရသေးဘူး။ အခုလို ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရလည်း မတက်သေးဘူး။ မတက်သေးတဲ့အချိန်မှာ ကုလသမဂ္ဂက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ပြောင်းလဲတဲ့ဖြစ်စဉ်ကို စောင့်ကြည့်နေတဲ့အနေအထားမှာ ရှိခဲ့ပါတယ်။ အခု လက်ရှိအနေအထားမှာဆိုရင်တော့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ပြုလုပ်ခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ အစိုးရသစ်ဖွဲ့စည်းခဲ့တယ်။ ဖွဲ့စည်းပြီးတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ရွေးကောက်ပွဲပြုလုပ်တဲ့နောက်ပိုင်းမှာ ကုလသမဂ္ဂက ကျွန်တော်တို့အပေါ် မြင်တဲ့အမြင်တွေဟာ တိုးတက်ပြောင်းလဲနေတယ်ဆိုတာကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုယ်တိုင်က ထုတ်ဖော်ပြောကြားတာရှိပါတယ်။ သူ့အနေနဲ့ မြန်မာနိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲတွေကို ကြိုဆိုတယ်၊ အသိအမှတ်ပြုတယ်။ မြန်မာနိုင်ငံမှာ ရှေ့အနာဂတ်ပြောင်းလဲမယ့် ဒီမိုကရေစီဖြစ်စဉ်တွေကိုလည်း ကုလသမဂ္ဂအနေနဲ့လည်း ဆက်လက်ပြီးတော့ လက်တွဲဆောင်ရွက်သွားမယ်ဆိုတာကို ပြောသွားပါတယ်။

မြန်မာနိုင်ငံရဲ့ မူဝါဒတွေ၊ နိုင်ငံခြားရေးရာနဲ့ပတ်သက်ပြီး ချမှတ်ထားတဲ့ မူဝါဒတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေတဲ့ ဘက်မလိုက်လှုပ်ရှားမှုကို အခြေခံတဲ့ နိုင်ငံခြားရေးမူဝါဒ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံတဲ့ နိုင်ငံခြားရေးမူဝါဒအပြင် အာဆီယံနဲ့ အာဆီယံအဖွဲ့ကြီးမှာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ဆက်လက်ပြီးတော့ တက်တက်ကြွကြွ ဆောင်ရွက်သွားမယ်ဆိုတဲ့ မူဝါဒတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးချိန်ကစပြီး နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို တည်ဆောက်မယ်ဆိုတဲ့ မူဝါဒကို ကျင့်သုံးခဲ့ပါတယ်။ ဒါဟာ ခေတ်အဆက်ဆက်က ကျင့်သုံးလာခဲ့တဲ့ နိုင်ငံခြားရေးမူဝါဒ ဖြစ်ပါတယ်။ ဒီမူဝါဒဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေ ပထဝီအနေအထားနဲ့ဆိုရင်လည်း အင်မတန်ကိုက်ညီတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့ နောက်လာမယ့်အစိုးရအနေနဲ့ လက်ရှိအကောင်အထည်ဖော်နေတဲ့ နိုင်ငံခြားရေးမူဝါဒကို ဆက်လက် အကောင်အထည်ဖော်သွားဖို့ရှိမယ်ဆိုရင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့လည်း အခုလို ဆက်လက်ပြီး အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့အတွက် ဆောင်ရွက်သွားဖို့ရှိပါတယ်။

(သတင်းအဖွဲ့)



ဦးအောင်လင်း(အမြဲတမ်းအတွင်းဝန်) နိုင်ငံခြားရေးဝန်ကြီးဌာန။

❒ ပြည်သူ့လွှတ်တော်မှ

လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဥပဒေကြမ်းကော်မတီမှ တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးကာ အတည်ပြုရန်အတွက် လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ ကျေးသီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း၏ ရှမ်းပြည်နယ်ဒေသအချို့၌ လတ်တလောဖြစ်ပွားနေသည့် စစ်ပွဲများကြောင့် လူမှုဒုက္ခအဝဝ ကြုံတွေ့နေရသည့် စစ်ဘေးရှောင်ပြည်သူများကို နိုင်ငံတော်အစိုးရက ထိထိရောက်ရောက်တာဝန်ယူ၍ အမြန်ဆုံး ကူညီစောင့်ရှောက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင်၊ ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေနှင့် သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်တို့က ထောက်ခံဆွေးနွေးကြပြီး ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းတို့က ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအပေါ် ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

❖ လေဖိအားနည်းရပ်ဝန်းမှ

ယင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူများပိုမိုသိရှိ သတိမူနိုင်ရန် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား သွားရောက်တွေ့ဆုံမေးမြန်းသိရှိရမှုကို ဖော်ပြလိုက်ပါသည်။

**မေး။ ။အခုရက်ပိုင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းဖြစ်နိုင်ခြေရှိပါသလား။**

ဖြေ။ ။ ခုရက်ပိုင်းမှာ ဘင်္ဂလားပင်လယ်အော်ရဲ့ အနောက်အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်နေတယ်။ လေဖိအားနည်းရပ်ဝန်းက နည်းနည်းအားကောင်းလာပြီး လေစိုင်ဝဲတစ်ခုဖြစ်နေတယ်။ လေစိုင်ဝဲဖြစ်နေတော့ လေတိုက်နှုန်းက တစ်နာရီကို ၃၅ မိုင်၊ မိုင် ၄၀ လောက်ထိ တိုက်နိုင်တယ်။ မုန်တိုင်းဖြစ်လုဆဲ အချိန်ပေါ့။ ဒါပေမယ့်လွန်ခဲ့တဲ့ ၂၄ နာရီလောက်ကစပြီး အဲဒီလေစိုင်ဝဲထဲကို အရှေ့မြောက်ဘက်က လေအေးတွေ အရှိန်များများနဲ့ တိုးဝင်လာတယ်။ ဆောင်းလေအေးတွေ တိုးဝင်လာတော့ လေဖိအားနည်းရပ်ဝန်းက ပိုမိုအားကောင်းလာဖို့ နည်းနည်းခက်ခဲသွားတယ်။ သူ့ရဲ့ဖွဲ့စည်းပုံ နည်းနည်းပျက်သွားပြီ။ ခုအားပြန်လျော့ကျသွားပြီ။ လေတိုက်နှုန်းက ၁ နာရီကို ၂၅ မိုင်၊ မိုင် ၃၀ လောက်ပဲ ရှိတော့တယ်။

**မေး။ ။လေဖိအားနည်းရပ်ဝန်းကြောင့် အချိန်အခါမဟုတ် မိုးရွာနိုင်ပါသလား။**

ဖြေ။ ။တစ်ခုက လေစိုင်ဝဲရှိတဲ့နေရာမှာ ဖြစ်နေတဲ့တိမ်တိုက်က အရှေ့မြောက်ဘက်ကို တိမ်တန်းတစ်ခု ထိုးထွက်နေတယ်။ အဲဒီထိုးထွက်နေတဲ့ တိမ်တန်းက မြန်မာနိုင်ငံအနောက်မြောက်ဘက်ကို ဖြတ်သန်းသွားတယ်။ ဖြတ်သွားတော့ စောစောကရက်တွေမှာ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ရခိုင်၊ ချင်း၊ ကချင်၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) စသဖြင့်ပါတယ်။ ဒီနေ့တော့ တိုးဝင်တဲ့တိမ်က နည်းနည်းနောက်ဆုတ်တဲ့သဘောရှိတယ်။ တိမ်ဖုံးတဲ့ဒေသတွေက ရခိုင်မြောက်၊ ချင်း၊ စစ်ကိုင်းအထက်၊ ကချင် အဲဒီဒေသတွေမှာ မိုးအနည်းငယ်ရွာနိုင်ခြေရှိတယ်။ ဒါတွေအားလုံးကို အချိန်အခါမဟုတ် မိုးလို့ခေါ်ရမယ်။ လေဖိအားနည်းရပ်ဝန်းကို အကြောင်းပြုပြီး ရွာတဲ့မိုးဆိုတော့ ရွာဖို့များပါတယ်။ နောက်ပိုင်းရက်တွေမှာတော့ တဖြည်းဖြည်းနဲ့ လေဖိအားနည်းရပ်ဝန်းက သူ့ထုံးစံအတိုင်း အာရေးဗီးယားပင်လယ်ဘက်ကို ရွေ့သွားမယ်လို့ မှန်းတယ်။ နောက်ပိုင်းမိုးက လျော့သွားဖို့ရှိတယ်။ လာမယ့်တစ်ပတ်မှာ သိသိသာသာ မိုးပြန်လျော့သွားမယ်။

**မေး။ ။တန်ဆောင်မုန်းလပြည့်နေ့မှာ မိုးရွာနိုင်ပါသလား။**

ဖြေ။ ။အထူးသဖြင့် လူအများစိတ်ဝင်စားနိုင်တာက နိုဝင်ဘာ ၂၆ ရက် (တန်ဆောင်မုန်းလပြည့်ည)မှာ မိုးရွာနိုင်တယ်။ မိုးကအခုအချိန်ကစပြီး ခန့်မှန်းတဲ့အခါ အဲဒီတန်ဆောင်မုန်းလပြည့်နေ့မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ကချင်ပြည်နယ်၊ တောင်ပိုင်းစွန်း တနင်္သာရီတောင်ပိုင်းမှာ မိုးရွာဖို့ရှိပြီး ကျန်ဒေသတွေမှာ မိုးလေလွတ်ကင်းနိုင်တဲ့အနေအထား လောလောဆယ်တွေ့နေရတယ်။ နောက်ထပ် မုန်တိုင်းမဖြစ်ဘူးဆိုရင်တော့ တန်ဆောင်မုန်းလဟာ မိုးလေကင်းရှင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

ကျေးဇူးတင်ပါတယ်။ ။

# ကမ်ခမ်မြေစာပုံပြိုကျရာမှ သေဆုံးသူ ၁၁၃ ဦး တူးဖော်တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ကမ်ခမ် စုပေါင်းမြေစာပုံပြိုကျမှုဖြစ်ပွားခဲ့ရာနိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းအထိ တူးဖော်ရှာဖွေနိုင်ခဲ့မှုအရ မြေစာပိသေဆုံးသူ အမျိုးသား၊ အမျိုးသမီး ၁၁၃ ဦး တူးဖော်ရရှိကြောင်း သိရသည်။

အဆိုပါမြေစာပုံသည် ကျောက်မျက်တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီများ မြေစာစွန့်ပစ်ရန် ဝယ်ယူထားသည့် မြေနေရာဖြစ်ကာ နိုဝင်ဘာ ၂၁ ရက် နံနက် ၃ နာရီခန့်တွင် တစ်သုံးလုံးကုမ္ပဏီ မြေစာစွန့်ပစ်သည့်နေရာမှ လမောင်ကျေးရွာဘက်ခြမ်းရှိ လျှိုထဲသို့ စတင်ပြိုကျခဲ့ခြင်းဖြစ်သည်။




“ဒီပြိုကျခဲ့တဲ့မြေစာပုံဟာ ကုမ္ပဏီငါးခု စုပေါင်း မြေစာစွန့်ပစ်တဲ့ နေရာဖြစ်ပြီး မြေစာပုံအဟောင်းတွေပေါ်မှာ မြေစာအသစ်တွေ ထပ်မံစွန့်ပစ်တဲ့ နေရာလည်းဖြစ်တယ်။ မြေစာအဟောင်းတွေ ခါးပြတ်ပြီး ပြိုကျတာပါ။ ခုချိန်ထိ မြေစာပိသေဆုံးသွားတဲ့ သူတွေကိုနာရေးကူညီမှုအသင်းတွေ၊ ပရဟိတအသင်းအဖွဲ့တွေ၊ ဘာသာရေးအဖွဲ့အစည်းတွေနဲ့ တာဝန်ရှိသူတွေက တူးဖော်ရှာဖွေရေးလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်နေကြတယ်။

အဲဒီမြေစာပုံက အမြင့်ပေ ၄၀၀ ကျော်လောက်ရှိပြီး ဆွတ်အောင်ကျေးရွာနဲ့ ရှမ်းစုကျေးရွာကြားမှာ ရှိတာ။ ရေမဆေးကျောက် ရှာတဲ့သူတွေ စုပေါင်းနေထိုင်ကြလို့ အဲဒီနေရာကို ဒေသခံတွေက မှော်ရွာလို့လည်း ခေါ်ကြတယ်။ အဲဒီမှော်ရွာက တဲအိမ်နဲ့ နေအိမ် အလုံး ၅၀ လောက် မြေစာပိသွားပြီး လူတော်တော်များများ သေဆုံးနိုင်တယ်လို့ သိရတယ်”ဟု ဒေသခံတစ်ဦးက ပြောပြသည်။

(မင်းဟန်)

○ ချင်းပြည်နယ်မှ

ဖြစ်စဉ်မှာ ချင်းပြည်နယ်မှ တစ်ဖက်နိုင်ငံသို့ အရောင်းအဝယ်သွားရောက်သူအချို့မှာ လမ်းနှင့် ကျောက်ထုတ်လုပ်ငန်းသုံး ယမ်းနှင့် ဆက်စပ်ပစ္စည်းများ လျှို့ဝှက်စွာ ဝယ်ယူရောင်းချမှုများ ပြုလုပ်လေ့ရှိကြောင်း၊ ယမ်းကြိုးများနှင့် လျှပ်စစ်ဒီတိုနေတာများ ဖမ်းဆီးရမိ၍ အရေးယူခဲ့သည့်အမှုများ နှစ်စဉ်ရှိခဲ့ကြောင်း၊ ယခုပေါက်ကွဲမှုဖြစ်ပွားခြင်းမှာလည်း ယမ်းနှင့် ဆက်စပ်ပစ္စည်းများအား လျှို့ဝှက်သယ်ဆောင် ထိန်းသိမ်းထားစဉ် မတော်တဆပေါက်ကွဲမှုဖြစ်ပွားနိုင်ကြောင်း၊ နိုဝင်ဘာ ၂၃ ရက် နံနက် ၆ နာရီက ဦးနှိုယာဘိခ်၏ နေအိမ်အနောက်ဘက် ပေ ၂၀ ခန့်အကွာရှိ ဝက်ခြံထဲတွင် ယခင်က ဒေါ်နုထောင်၏နေအိမ်၌ ငှားရမ်းနေထိုင်ခဲ့သူ ယမ်းကြိုးခွေများ သိမ်းဆည်းရမိမှုဖြင့် ပြစ်ဒဏ်ကျခံဖူးသူ ဒေါ်ထောင်သင်းတလွဲအား ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိရကြောင်းနှင့် အဖြစ်မှန်ပေါ်ပေါက်ရေး ဆက်လက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ပြည်သူချစ်တဲ့ ကလောင်

**ဆူးငှက်**



၁၉၈၉ ခုနှစ်၏ နေ့တစ်နေ့တွင် မွေးနေ့ဆွမ်းကပ်တစ်ခုကိုအကြောင်းပြုပြီး နန်းရှေ့ကသာသနာ့တက္ကသိုလ်တွင် စာရေးဆရာတွေ ဆုံဖြစ်ကြသည်။ ဆရာညီပုလေး၊ ဆရာဝင်းစည်သူ၊ ဆရာကျော်ရင်မြင့်၊ ဆရာစိုးနိုင် (မန္တလေးတက္ကသိုလ်)၊ ဆရာသင့်နော် (ကိုသန်းငွေး-ဥတ္တရလွင်ပြင်)နှင့် ကျွန်တော်တို့ဖြစ်သည်။ ယခုနှစ်အတွင်း ကျရောက်သော ဒေါ်ဒေါ်လူထုဒေါ်အမာ၏ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ထုတ်ဝေခြင်း ငွေရတုသဘင် (၂၅)နှစ်မြောက် အမှတ်တရ အစီအစဉ် ကျင်းပကြဖို့ တိုင်ပင်ဖြစ်ကြသည်။

၁၉၈၉ ခုနှစ် မေလတွင် အမရပူရ တောင်သမန်အင်းစောင်းက တောင်လေးလုံးကျောင်းတိုက်တွင် "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ် (၂၅) နှစ်ပြည့် အထိမ်းအမှတ် ကျင်းပရန် ဆရာညီပုလေး၊ ဆရာဝင်းစည်သူတို့ ဦးဆောင်၍ ပြင်ဆင်ဆောင်ရွက်ကြ၏။ ကျွန်တော်တို့နှင့် လက်တွဲဖော် ပန်းချီချိုဦး (ဒီဇိုင်းဇေသော်)က လက်ကမ်းစာရွက်များ ပြုလုပ်ပေးသည်။

တောင်လေးလုံးတွင် ကျင်းပသော "ပြည်သူချစ်သော အနုပညာသည်များ"စာအုပ် (၂၅)နှစ်ပြည့် အထိမ်းအမှတ်ပွဲက မှတ်မှတ်ရရဖြစ်လှသည်။ နန်းတော်ရှေ့ ဆရာတင်၏သား ရွှေနန်းတင်၊ မြို့မငြိမ်းသား ဦးရွှန်းမြိုင် (မြို့မ)တို့လည်း တက်ရောက်ကာ အမှတ်တရစကားပြောကြားကြ၏။ စာတမ်းတွေဖတ်ကြ၊ ပြောကြ၊ဟောကြနှင့် ကျေးဇူးရှိသောစာအုပ်ကောင်းတစ်အုပ်ကို မည်သို့မည်ပုံ စိတ်ကူးရပြုစု ထုတ်ဝေမှုနှင့် ပတ်သက်၍လည်း စာရေးသူဒေါ်ဒေါ်ကိုယ်တိုင်က မှတ်မှတ်ရရပြောပြသည်။

ကျွန်တော် ယနေ့တိုင် မှတ်သားမိဆဲ ဒေါ်ဒေါ့်စကားတစ်ခွန်းရှိပါ၏။ သတိတရပြန်လည်ပြောပြပါရစေ။

ကဗျာဆရာ ကြည်အောင်က လူထုဂျာနယ်ထဲတွင် ထုံ့ပိုင်း ထုံ့ပိုင်းရေးသားနေသော ဒေါ်ဒေါ်၏အနုပညာသည်များအကြောင်း အတ္ထုပ္ပတ္တိအစိတ်အပိုင်းတွေကို ပြည့်ပြည့်စုံစုံ ပြန်လည်ရေးသား၍ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေရန် ဒေါ်ဒေါ့်ကို သူကိုယ်တိုင်တိုက်တွန်းခဲ့ကြောင်းနှင့် တကယ်တော့ "ပြည်သူချစ်သော အနုပညာသည်များ"စာအုပ်သည် အတ္ထုပ္ပတ္တိစာပေစစ်စစ်မဟုတ်ကြောင်း၊ အတ္ထုပ္ပတ္တိစာပေ စစ်စစ်များအဖြစ် ကမ္ဘာမှာ အင်ဒရူးမော်ရိုင်းနဲ့ မြန်မာမှာ ဦးဖေသိန်း(ရွှေဥဒေါင်း)ကို စံထားကြောင်း၊ အတ္ထုပ္ပတ္တိစာပေတွင် ရေးသူကိုယ်နှိုက်က မိမိကိုယ်တိုင်ပင်ဖြစ်စေ၊ ကိုယ့်အကြောင်းကို မချွင်းမချန်၊ မညှာမတာရေးသင့်၊ ထုတ်ဖော်ဝံ့သည့် သတ္တိရှိရမည်ဖြစ်ကြောင်း၊ ယခု ပြည်သူချစ်သော အနုပညာသည်များ စာအုပ်မှာ ဒေါ်ဒေါ်က ဘယ်သူအရက်သောက်တာ၊ ဘိန်းရှူတာ၊ ဘယ်သီချင်းရေးဆရာ မြာပွေတာ စသည့် ကိစ္စများမဖော်ထုတ်ကြောင်း၊ ဒီအတွက် အားမရကြောင်း ပြောဆိုသည်။

ဒေါ်ဒေါ်က ကိုယ့်တူကိုယ့်သားက ဝေဖန်တာကို ပြုံး၍နားထောင်သည်။ စမုံစပါးစေ့လေးတွေ ဝါးရင်း ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေသည်။ 'ဒီလိုပြောရဲဆိုရဲ၊ ကိုယ့်အမြင်ကိုထုတ်ဖော်ရဲမှပေါ့' ဟူသော အမူအရာမျိုးဖြစ်သည်။ ကဗျာဆရာ၏ စကားဆုံးမှ ဒေါ်ဒေါ်က ပြန်၍ ပြောပြသည်။

"ဟုတ်ပါတယ် ဒီစာအုပ်အခုလို ထုတ်ဝေဖြစ်တာခုနမောင်ကြည်အောင်ပြောသလို သူ့တိုက်တွန်းချက်ပါပါတယ်။ ဒေါ်ဒေါ့် စာရေးစားပွဲထိ သူရောက်လာပြီး ပူဆာတာပေါ့ကွယ်။ ဒါနဲ့ရေးဖြစ်၊ ထုတ်ဖြစ်ခဲ့တာ. . ။ ခုနမောင်ကြည်အောင်ပြောသလို ဒေါ်ဒေါ့်စာအုပ်ကို အတ္ထုပ္ပတ္တိစာပေလို့ ဒေါ်ဒေါ်ကိုယ်နှိုက်က မသတ်မှတ်ပါဘူး။ ဒေါ်ဒေါ်ရေးတဲ့ စေတနာက တစ်ခုတည်း။ ဒီဘက်ခေတ်စစ်ကြီးအပြီး လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်မီးနဲ့ ဆူဆူပူပူဖြစ်ပြီးနောက်ပိုင်း နိုင်ငံခြားကယဉ်ကျေးမှုတွေက တို့အပေါ်လွှမ်းမိုးထားတာကလား. ။ တို့လူငယ်တွေမှာ ကိုယ့်ယဉ်ကျေးမှု ပျောက်ပြီးသူတို့ဟာကိုပဲ အထင်ကြီးကြတာ။ ကြာရင် တို့အနုပညာ၊ တို့ယဉ်ကျေးမှုပျောက်တော့မယ်။ ဒါကြောင့် ဒေါ်ဒေါ်က တစ်ချိန်တုန်းက တို့ဆီမှာတကယ့်ပရိသတ်က ပြည်သူတွေပါ။ သည်းသည်းလှုပ်ချစ်ခဲ့ကြပြီး ချစ်လောက်အောင်လည်း ထူးချွန်ခဲ့ကြတဲ့သူတွေရှိခဲ့ဖူးတာကို ဒေါ်ဒေါ်က လူငယ်တွေသိအောင်ချပြချင်တာ။ ဒီတော့ သူတို့တော်တာ၊ ထူးချွန်တာတွေကို ရေးချင်တယ်။ ကဲ. . အနုပညာရှင်တွေအရက်သောက်တာ၊ ဘိန်းရှူတာရေးပြလို့ ဘာအကျိုးရှိမှာလဲ။ ဒါကိုသိလို့လည်း လူငယ်တွေအတွက် ဘာအကျိုးရှိမှာလဲ။ ဒေါ်ဒေါ်က လောင်ကအကျိုးမရှိတာတွေကို ရေးမှာမဟုတ်ဘူး။ ဒေါ်ဒေါ်က ကောင်းတာပဲ ရေးချင်တယ်။ တော်တာ ထူးချွန်တာပဲရေးချင်တယ်" ဟု ပြောခဲ့သည်။

စာဖတ်ပရိသတ်(ဝါ)လူထု(ဝါ)ပြည်သူအကျိုးရှိသောစာများကို ရေးသားရန်ဟူသော တိကျရှင်းလင်းသည့် အဖြေတစ်ခုကို ဒေါ်ဒေါ်က ချပြခဲ့သည်။ ဒါကို ကျွန်တော် စာရေးစားပွဲတွင် ထိုင်တိုင်း နှလုံးသွင်းဆင်ခြင်နေမိသည်။

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ အဌမပွဲစဉ် ဆက်လက်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် Shwe Mann Taung Golf Resort က အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ အဌမပွဲစဉ် (မန္တလေး)၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက Shwe Mann Taung Golf Resort သို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရလက်ဆောင်ကိုပေးအပ်ချီးမြှင့်ရာ Shwe Mann Taung Golf Resort အထွေထွေမန်နေဂျာ ဦးမျိုးသန့်က လက်ခံရယူသည်။

ထို့နောက် ဝါသနာရှင်အဆင့် အမျိုးသမီး နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုများကို Shwe Mann Taung Golf Resort ဒါရိုက်တာ ဦးထွန်းထွန်းလင်းက လည်းကောင်း၊ ဝါသနာရှင်အဆင့်အမျိုးသား နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ဦးခင်ဇော်အောင်နှင့် ပညာရှင်အဆင့်တို့၏ နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၂၄ ချက်ဖြင့် တတိယရရှိသော ခင်မာနွယ်၊ စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယရရှိသော ယဉ်မေမျိုး၊ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်( 2 Under)ဖြင့်ပထမရရှိသော မေဦးခိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်က ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် တတိယရရှိသော ဟိန်းစည်သူ၊ စုစုပေါင်းရိုက်ချက် ၂၈၇ ချက်( 1 Under)ဖြင့် ဒုတိယရရှိသော မင်းနိုင်စိုး၊ စုစုပေါင်းရိုက်ချက် ၂၈၀ (8 Under)ဖြင့် ပထမရရှိသော စည်သူရဲရင့်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က Professional အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၇၇ ချက် ( 11 Under) ဖြင့် တတိယရရှိသော အောင်ဝင်း (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၇၃ ချက် (15 Under) ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ်(HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၇၂ ချက် (16 Under) ဖြင့် ပထမရရှိသွားသော ရန်မျိုးအေး(CEO Group)တို့အား ဆုများ ပေးအပ်ချီးမြှင့်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထက်မြန်မာပြည် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် Shwe Mann Taung Golf Resort ဒါရိုက်တာ ဦးတင်ကိုကိုက ပထမရရှိသွားသော ရန်မျိုးအေး (CEO Group) အား ဆုကြေးငွေချက်လက်မှတ် ပေးအပ်ချီးမြှင့်သည်။

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သော နေပြည်တော်ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်ထိကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့်ဝါသနာရှင်အဆင့် အမျိုးသမီးဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၂၇ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူအမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအတွက်ပြိုင်ပွဲဝင်ဦးရေ ၉၆ ဦးသာလက်ခံမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အမည်စာရင်းအား ဖုန်း -၀၉ -၂၀၃၇၆၇၁၊ ၀၉ -၂၆၂၅၅၂၄၅၂၊ ၀၉ -၂၅၄၇၂၅၀၈၁ တို့သို့ ကြိုတင်ပေးသွင်းရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**



၂၀၁၅ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲ ကျင်းပခဲ့စဉ်က တွေ့ရစဉ်။

## ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၆ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် First Myanmar Investment ကုမ္ပဏီတို့မှ ပူးပေါင်း၍ ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားရုံ(၁)တွင် ကျင်းပမည်ဟု နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက လှည်းတန်းစင်တာ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

"ပြိုင်ပွဲနီးလာတာနဲ့အမျှ ပြိုင်ပွဲဝင်ဖို့ စာရင်းပေးတဲ့ လူဦးရေကလည်း ပိုများလာပါတယ်။

ယခုအချိန်ထိ ပြိုင်ပွဲဝင်ဦးရေ ၄၀၀၀ နီးပါးရှိနေပါပြီ။ ဒီမှာတော့ အကြီးဆုံးပြိုင်ပွဲလို့ သတ်မှတ်လို့ရပါတယ်။ အခုလို သတင်းစာရှင်းလင်းပွဲ လုပ်ရတာကလည်း ပြိုင်ပွဲဝင်တွေအတွက် ကျန်းမာရေး၊ တစ်ကိုယ်ရေဘေးကင်းလုံခြုံရေးနှင့် စပ်လျဉ်းပြီး အသိပညာပေးနိုင်စေရန်အတွက် ရည်ရွယ်တာပါ။ ပြီးတော့ Run for Children ခေါင်းစဉ်နဲ့ ပြုလုပ်တာကတော့ မနှစ်က စတင်ခဲ့တဲ့ အတိုင်း ပြိုင်ပွဲမှ ရရှိလာတဲ့ ရန်ပုံငွေတွေကို ဆုတောင်းပြည့် လူငယ်ဖောင်ဒေးရှင်းနဲ့ အောင်ဇဗ္ဗူ လူငယ်ဖွံ့ဖြိုးရေးကျောင်းမှာ ရှိတဲ့ကလေးငယ်တွေအတွက် ထပ်မံလှူဒါန်းသွားမှာပါ။ ဒါကြောင့် မြန်မာ့ကလေးငယ်တွေအတွက် အလှူငွေများလှူဒါန်းရင်း မာရသွန်အပြေးပြိုင်ပွဲ ဝင်ကြပါလို့ ပြောချင်ပါတယ်။"ဟု ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲမှ ပရောဂျက်မန်နေဂျာ ကိုညဏ်မင်းစိုးက ပြောသည်။

အဆိုပါအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲအမျိုးအစားများမှာ ၄၂ ဒသမ ၁၉၅ ကီလိုမီတာ မာရသွန်အပြည့်၊ ၂၁ ကီလိုမီတာ မာရသွန်တစ်ဝက်၊ ၁၀ ကီလိုမီတာ Challenge နှင့် ၃၊၅ ကီလိုမီတာ အပျော်တမ်းပြိုင်ပွဲတို့ ဖြစ်သည်။ အပြေးပြိုင်ပွဲအားလုံး၏ စမှတ်နှင့်ဆုံမှတ်ကို သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်း ပြုလုပ်ထားရာ ရန်ကုန်မြို့၏ အထင်ကရနေရာများဖြစ်သည့် ဗိုလ်တထောင်စေတီ၊ ရွှေတိဂုံစေတီနှင့် အင်းလျားကန်တို့သည် မာရသွန်အပြေးလမ်းကြောင်းတွင် ပါဝင်သွားမည်ဖြစ်သည်။

မာရသွန်အပြည့်ပြေးပွဲနှင့်တစ်ဝက်ပြိုင်ပွဲများအတွက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဒီဇင်ဘာ ၃၁ ရက်တွင် (၁၆) နှစ်အထက် ပြည့်ပြီးသူများ၊ ၁၀ ကီလိုမီတာပြိုင်ပွဲတွင် အသက် (၁၂) နှစ်အထက် ပြည့်ပြီးသူများ ဖြစ်ရမည်ဟု သတ်မှတ်ထားကာ အပျော်တမ်းပြိုင်ပွဲကိုမူ အသက်ကန့်သတ်ထားခြင်း မရှိကြောင်း သိရသည်။

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဒီဇင်ဘာ ၁၈ ရက်တွင် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်သည်။ နိုင်ငံတကာမှ ပြိုင်ပွဲဝင်များအတွက် စာရင်းပေးသွင်းခမှာ အမေရိကန်ဒေါ်လာ ၃၀ မှ ၆၀ ထိ သတ်မှတ်ထားပြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် (၃၈၀) FMI စင်တာ (၆) လွှာ အခန်းအမှတ် (၆၀၂) တွင် စာရင်းပေးသွင်းနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံသားများအနေဖြင့် စာရင်းပေးသွင်းခမှာ ငွေကျပ် ၈၀၀၀ သတ်မှတ်ထားပြီး FMI စင်တာနှင့် ရိုးမဘဏ်ခွဲများတွင် နံနက် ၉ နာရီမှ ညနေ၅ နာရီထိ စာရင်းပေးသွင်းနိုင်မည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-စောသိန်းဝင်း**

နည်း ပ ညာ သ တင်း

# ဖုန်းလား ဆေးလား ဘေးလား

### ဖုန်းဒေါက်တာ

Internet စတင်အသုံးပြုနည်းများမှ ကျွမ်းကျင်အဆင့်အထိ သုံးနည်းများမရေးခင် ကျွန်တော်သိသလို အများသိဖြစ်သည့် စကားပုံနှစ်ခုအား ခေါင်းထဲသို့ ထပ်ထည့်ပေးလိုပါသည်။

(၁) "စာတစ်လုံး၊ ဘုရားတစ်ဆူ" ဟူသည့်စကားဖြစ်ပါသည်။ ယခင်ခေတ်ကာလများ၌ မှန်ပါ၏။ စာမှန်သမျှဖတ်ရမည်။ အသိယူ၊ ပညာယူ "ယူ"ကြရမည်သာဖြစ်ပါသည်။ ဤကား စာအုပ်စာပေ၌သာလျှင် မှန်ပါတော့၏။ အဘယ်ကြောင့်ဆိုသော် ယနေ့အင်တာနက်ခေတ်တွင် စာများအား ဝက်ဘ်ဆိုဒ်မျက်နှာများ၌သာ အဖတ်များကြတော့သဖြင့် အတုယူမှား၊ ထင်ယောင်မြင်မှား စသည့်အမှားများရှိလာပြီဖြစ်ပါသည်။ သတိပေးလိုသည်မှာ စာမှန်သမျှ အမှန်မယူသင့်ကြောင်း၊ ပထမဆုံး သုံးသပ်ချက်တစ်ခု ထုတ်သင့်ကြောင်းပင်ဖြစ်ပါသည်။ ထိုသုံးသပ်ချက်မှာ ဝက်ဘ်ဆိုဒ်စာမျက်နှာတစ်ခုဖတ်ပြီးသည်နှင့် "စာရေးသူ၏ အာဘော်" ပင်ဖြစ်ပါသည်။ ထိုအမြင်နှင့် သုံးသပ်ပြီးမှ စာတစ်ပိုဒ်အားယူသင့်၊ မယူသင့် စဉ်းစားရပါပေမည်။ ကလောင်ရှင်ရှာရန် ခက်ခဲသလို သတင်း၊ အတင်း၊ အဖျင်း စသည့်ပေတံတို့ဖြင့် တိုင်းတာတတ်ပြီး ဖတ်တတ်မှသာလျှင် အဆိပ်စာပေတို့မှလွတ်၍ မှိုင်းတိုက်ခံရခြင်းတို့မှ ကင်းမည်ဖြစ်ပါသည်။ အတွေ့အကြုံနုနယ်၍ တွေ့သမျှ သင်ယူမှတ်သားတတ်ကြသည့် လူငယ်၊ လူရွယ်များအတွက် ရင်လေးရမိပါသည်။ ဤအကြောင်းဖတ်ပြီး မဲ့ပြုံးမပြုံးမိကြပါစေနှင့်ဟု ဆုတောင်းပတ္ထနာခြွေအပ်ပါသည်။

(၂)"အချိန်ရှိခိုက်၊ လုံ့လစိုက်"ဟူသောစကားဖြစ်ပါ၏။ "လူ"တစ်ယောက်ရယ်လို့ဖြစ်လာသည်နှင့် လူ့အရည်အချင်းများပါလာကြ၏။ ထိုအရည်အချင်းများအား အသုံးချကြရာတွင် မိမိဘဝအတွက် ဝါသနာမှစ၍ ရပ်ကွက်၊ မြို့နယ်၊ တိုင်းပြည်ထိ အဓိပ္ပာယ်ရှိအောင်မရှိမဖြစ်/အုတ်တစ်ချပ်၊ သဲတစ်ပွင့် စသည့် အဖြစ်ဖြင့် ကြိုးစားနေထိုင်မှ လူပီသပါ၏။ သို့မှသာလျှင် လူဆိုသည့် ပေတံနှင့်အတိုင်းအတာခံနိုင်မည်ဖြစ်ပါသည်။ အချိန်နှင့်အမျှ ကြိုးစားနေထိုင်ရပေမည်။ ထို့ကြောင့် Game ဆော့ခြင်း၊ Facebook၊ viber၊Beetalk အစရှိသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုဒ်များသုံးပြီး အချိန်ဖြုန်းမိခြင်းသည် မိမိကိုယ်ပိုင် ဘဝတက်လမ်းအတွက် ကြိုးစားနေရမည့်အချိန်များနှင့် ညီမျှခြင်းချကြည့်စေချင်ပါသည်။ စိတ်ခံစားမှုနောက်သို့မလိုက်ဘဲ ဦးနှောက်၏ အမှန်မြင်နိုင်မှုနောက်သို့ တည်ကြည်သောစိတ်ဖြင့်လိုက်ရန် တွန်းတွန်းတိုက်တိုက် တိုက်တွန်းလိုက်ပါသည်။

Internet ဆိုသည်မှာ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးပင်ဖြစ်ပါသည်။ ထိုအသိတို့ရင်ဝယ်ရှိပြီးဆိုလျှင် ဆေးတစ်လက်ဖြစ်စေမည့် Internet အသုံးအား စတင်ရှင်းပြပါတော့မည်။ Smart Phone ဖြင့် Internet စတင်သုံးရန် အဆင့်(၃)ဆင့်ရှိပါ၏။ အကြမ်းဖျင်းသဘောပြောပါမည်။ သော့ခတ်ထားသည့် မိမိ၏အိမ်အား သော့ဖွင့်၍ဝင်ရောက်သကဲ့သို့ သာဓကပင်တည်း။

(၁) သော့ဖွင့်ရမည်။ (၂)တံခါးဖွင့်ရမည်။ (၃) သွားနေကြအတိုင်းသွား၍ လုပ်ဆောင်စရာများအား လုပ်ပါတော့မည်။ ဤသာဓကကဲ့သို့တည်း။

(၁) Phone Setting အား စချိန်ရပါမည်။ (သော့ဖွင့်ပြီး ဖြစ်သည်။)

(၂) Bowser တစ်ခုအား တို့ထိ၍ ဖွင့်ရပါမည်။ (တံခါးဖွင့်ခြင်းပင်ဖြစ်သည်။)

(၃) သွားနေကြအတိုင်းဆိုရာတွင် (အဆင့်မြင့်ပိုင်းဖြစ်သည့်အတွက် နောက်တစ်ပတ်၌ ဖြေရှင်းပြပါမည်။)

(၁) Internet သုံးရန်အတွက် Phone Setting အား စချိန်ပါတော့မည်။ Setting, Wireless & Networks, Mobile Networks, Access Point Name (APN)မျက်နှာစာပေါ်က Menu Button ကိုရှာနှိပ်ပြီး ထွက်ပေါ်လာမည့် စာတန်းများထဲမှ Menu List ကိုတွေ့လျှင် New APN ကိုနှိပ်ပါ။ Edit Access Point ဖြည့်သွင်းစရာများကို တွေ့ရပါမည်။ CDMA နှင့် GSMများ၌ MPT, Ooredoo, Telenor စသည့် အော်ပရေတာများရှိနေသည့်အတွက် MPT နှင့် CDMA ချိန်နည်းများအား စတင်ရှင်းပြပါမည်။ CDMA မှစပါမည်။ CDMA-800 ယခင် ငါးသိန်း၊ နှစ်သိန်းတန်များအတွက်

Name - mpt
APN - #777
User Name - mpt@c 800-mm
Password - ကြိုက်ရာဂဏန်း(၄)လုံး
Authentication Type - PAP or CHAP
Prompt Password - #777

CDMA 800 ယခု ၁၅၀၀ တန် Mec Tel အတွက်

(၁) Open EVDO ဟုစာရိုက်၍ နံပါတ် 233 သို့ Message ပို့ပေးရမည်။

(၂) Access Point Name ကို အောက်ပါအတိုင်း ထည့်သွင်းပေးရမည်။

Name - mec
APN - #777
User Name - card
Password - card
Authentication Type - PAP or CHAP
Prompt Password - #777

GSM ကတော့ Name, APN,User Name တွေမှာ mptnet တစ်ခုသာ ထည့်ပေးရပါမည်။ ပြီးလျှင် Save လုပ်ပါ။ Ooredoo Setting အတွက်

Name - Ooredoonet
APN - Internet

Telenor Setting အတွက်

Name - Telenornet
APN - Internet

ပြီးလျှင် Save လုပ်ပါ။

ပြီးလျှင် သင်္ကေတ (or) mobile data enable စသည့်နေရာများတွင် အမှတ်တပ်တို့ထိပေးလျှင် အင်တာနက်အား စတင်အသုံးပြု၍ရပါပြီ။ သော့ဖွင့်လိုက်ခြင်းပင်ဖြစ်ပါသည်။

(၂) Browser တစ်ခုခုအားတို့ထိ၍ တံခါးဖွင့်ရပါဦးမည်။ ဖုန်းများတွင် အလိုအလျောက်ပါပြီး ဖြစ်ပါသည်။ Facebook သုံးလိုလျှင် သူ၏အိုင်ကွန် လိုဂိုပုံလေးအား တို့ထိ၍ သုံးရပါမည်။

Browser တစ်ခုပင်ဖြစ်ပါသည်။ မိမိကိုယ်ပိုင်အကောင့်တစ်ခုတော့ရှိရပါမည်။ တချို့ဖုန်းဆိုင်များတွင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ ထိယူ၍ အကောင့်ဖွင့်ပေးနေကြပါသည်။ အကြောင်းမှာ အင်တာနက်သုံးရာတွင် အဘဟုခေါ်ဆိုသည့် Google မှ သတ်မှတ်ချက်များရှိနေသောကြောင့် ဖြစ်ပါသည်။ Country Code ဟု သတ်မှတ်ထားသည့်အချက်များ ထည့်ပေးရပါသောကြောင့် လက်ခံ/မခံ အကြောင်းရှိနေပါသည်။ ကျွန်တော်တို့နိုင်ငံ၏ Country Code မှာ (95) ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင်းရှိ အော်ပရေတာများ၏ Sim Card ဖြင့်ဖုန်းသုံး၍ အင်တာနက်ကိုဖွင့်ပြီး အကောင့်အသစ်တစ်ခုဖွင့်လျှင် တစ်လ၊ နှစ်လအတွင်း အကောင့်ပြန်သေသွားတတ်ပါသည်။ အခြားတိုင်းပြည်တစ်ခုခုမှဖွင့်လျှင်အဆင်ပြေပါ၏။ ထို့ကြောင့် နိုင်ငံခြားရောက်သူငယ်ချင်းများ၊ အသိမိတ်ဆွေများထံ ဖုန်းဆက်၍ User Name,Password များပေးပြီး အကောင့်ဖွင့်ခိုင်းရ၍ ငွေကြေးတောင်းခံမှုများ ရှိနေခြင်းဖြစ်ပါသည်။ Google မှ နေ၍ Country Code (95)အား လက်ခံခြင်းမရှိသေးသောကြောင့် ဖြစ်ပါသည်။ သို့သော် ယခုခေတ်အချိန်အခါသည် ပြောင်းလဲနေချိန်ဖြစ်ပါသောကြောင့် အစိုးရ၏ လိုက်လျောကြိုးစားမှုတို့ကြောင့် လက်ခံရန်အကြောင်းများ ရှိလာခဲ့ပြီဖြစ်ပါသည်။ မကြာမီ အခြားတိုင်းပြည်များကဲ့သို့ လွတ်လပ်စွာကိုယ်ပိုင်အကောင့်အား ကိုယ်ကိုယ်တိုင်ဖွင့်နိုင်တော့မည်ဖြစ်ပါသည်။ ကျွန်တော်တို့တိုင်းသူပြည်သားအပေါင်းတို့ကလည်း Be Good Citizen ဟုခေါ်သည့် နိုင်ငံကြီးသားကောင်းပီသရန် ကြိုးစားနေထိုင်ကြရပါမည်။ သွားရင်းလာရင်း နားကြပ်တပ်၍ သုံးသောအကျင့်လေးများတွေ့ရပါ၏။ ကောင်းပါသည်။ သို့သော် တွေဝေခြင်းလည်းရှိနေပါသောကြောင့် ရုတ်တရက် မထင်မှတ်သည့်အဖြစ်ဆိုးများ ကြုံကြိုက်လာသောအခါ (သို့မဟုတ်) လုပ်ငန်းတစ်ခုခု ချက်ချင်းပြောင်းလုပ်ရန်လိုအပ်လာလျှင်(သို့မဟုတ်) စကားတစ်ခုခုပြန်လည်တုံ့ပြန်ရန် လိုအပ်လာလျှင် တွေဝေခြင်းများကြောင့် ထိခိုက်မှုများရှိကြရပါသည်။ သတိရှိရန်အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ဖုန်းအသုံးပြုရာတွင် ဘေးမဖြစ်စေဘဲ ဆေးဖြစ်စေရန် အသိနှင့်သတိတွဲရှိနေရပါမည်။ ။

## လူသုံးများသည့် သံသေတ္တာလုပ်ငန်း ကောလင်းမြို့၌ တွင်ကျယ်စွာလုပ်ကိုင်

**ကောလင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပေါ်နှင့်ကျေးလက်ဒေသများတွင် သံသေတ္တာများ ဝယ်ယူသုံးစွဲမှုများသောကြောင့် မိသားစုအိမ်တွင်းလက်မှုသံသေတ္တာလုပ်ငန်းများ ကောလင်းမြို့တွင် တွင်ကျယ်စွာလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။ သံသေတ္တာလုပ်ငန်းကိုလုပ်ကိုင်ရာတွင် "ကတ္တရာပီပါတစ်လုံးကို ငွေကျပ် ၁၈၀၀ ကနေ ၂၀၀၀ပေးရတယ်။ အလုံးခွဲပြီးသား၊ ဖြန့်ပြီးသား၊ မီးရှို့ပြီးသားကို ပထမအဆင့်အနေနဲ့ အလုံးခွဲပြီးသား သံပြားကို မြေကြီးမှာဖြန့်ပြီး မျက်နှာပြင်ညီအောင် တူနဲ့ထုရတယ်။ နောက်ပေခုံပေါ်မှာတင်ပြီး သံပြားထဲမှာရှိတဲ့ လေကိုထုတ်ရတယ်။ နောက်တော့ ချိုးပြီး သံသေတ္တာပုံစံရအောင် ထုတ်ရတယ်။



ဒါကတော့ ပညာရှင်အပိုင်းပေါ့။ ပီပါပြားတစ်ပြားကိုတော့ အလျား ၂၇ လက်မရှိတဲ့ သံသေတ္တာတစ်လုံးရတယ်။ သံသေတ္တာထုတ်တဲ့ ဆိုဒ်တွေကတော့ အလျားလက်မ ၃၀၊ အနံ ၁၆ လက်မ၊ အမြင့် ၁၂ လက်မနဲ့ အလျား ၃၃ လက်မ၊ အနံ ၁၂ လက်မ၊ အမြင့် ၁၃ လက်မခွဲရှိတဲ့ ဆိုက်တွေ ထုတ်ပါတယ်" ဟုသံသေတ္တာလုပ်ငန်း သေတ္တာလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောပြသည်။

ယခုအခါ သံသေတ္တာလုပ်ငန်းများသည် ကထိန်ရာသီကာလ၌ ဝယ်ယူလှူဒါန်းသည့်အတွက် အများအပြားလုပ်ကိုင်လျက်ရှိကာ ထို့အပြင်မိမိလိုချင်သောဆိုဒ်များကိုလည်း အော်ဒါမှာယူပါက ပြုလုပ်ပေးကြောင်း သံသေတ္တာအလျားလက်မ ၃၀၊ အနံ ၁၆ လက်မ၊ အမြင့် ၁၂ လက်မဆိုဒ် ဆေးသုတ်ပြီးသား တစ်လုံးလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၀၀၀၀၊ အလျား ၃၃ လက်မ၊ အနံ ၁၂ လက်မ၊ အမြင့် ၁၂ လက်မခွဲ တစ်လုံးလျှင် ငွေကျပ် ၂၂၀၀၀ ဖြင့် ရောင်းချနေလျက်ရှိကြောင်း သိရသည်။

**(စိုင်းလူမင်း)**

## မြန်မာ့ရိုးရာအစားအစာများ ကျောင်းသားလူငယ်များ နှစ်သက်သဘောကျလာစေရန် မြန်မာမုန့်ကျွေးပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၃**

မြန်မာရိုးရာအစားအစာများအား ကျောင်းသားလူငယ်များနှစ်သက်သဘောကျလာစေရန်ရည်ရွယ်၍ မြန်မာ့ရိုးရာအစားအစာကျွေးမွေးလှူဒါန်းပွဲကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အမှတ်(၇) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(မကွေးကျောင်းတိုက်)တွင် မြန်မာ့ရိုးရာမုန့်အမျိုး ၂၀ အား နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက အာဟာရဒါနကုသိုလ်အဖြစ် မွေးနေ့အလှူရှင်တစ်ဦးက ကျောင်းသား ကျောင်းသူကလေးများအား ကျွေးမွေးလှူဒါန်းခဲ့သည်။

အဆိုပါ မြန်မာ့ရိုးရာမုန့်၏အမျိုး ၂၀ ဖြစ်သော မုန့်ဦးနှောက်၊ ငှက်ပျောထုပ်၊ မုန့်လင်မယား၊ မုန့်ရေ၊ မုန့်ကြာလိပ်၊ မုန့်ကျွဲသည်း၊ ထန်းသီးမုန့်၊ ဆတ်သဖူးမုန့်၊ စိန်ဖေကြီး၊ မုန့်ပေါင်း၊ မုန့်လုံးရေပေါ်၊ ကတိုးပါကြော်၊ ကောက်ညှင်းမုန့်၊ ကြည်ောင်သီး၊ မုန့်ပဲဆုပ်၊မုန့်ပျားသလက်၊ ပသျှူးသာကူ၊ မုန့်စာဥ၊ မုန့်လက်ကောက်နှင့် သာကူပြင် အစရှိသောမုန့်များအား ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖြစ်သော ပုသိမ်ကြီးမြို့နယ်တွင်းရှိ အေးမြသာယာကျောင်းတိုက်၊ မကွေးကျောင်းတိုက်နှင့် တံတိုင်းရှည်၊ လိမ်ပင်၊ အုန်းချောကျေးရွာများရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူ ကလေးများအား အာဟာရဒါနကုသိုလ်အဖြစ် ကျွေးမွေးလှူဒါန်းခဲ့သည်။

အလားတူ စလေကျောင်းတိုက်နှင့် ဖောင်တော်ဦးကျောင်းတိုက်တို့တွင်လည်း သက်ဆိုင်ရာမြို့နယ်များရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အာဟာရဒါနကုသိုလ်အဖြစ် ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## တံတားဦးမြို့နယ်တွင် မြန်မာ့ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်းဖွင့်မည်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် မျိုးဆက်သစ်များပေါ်ထွန်းရေးအတွက်မြန်မာ့ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်း တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကခွင့်ပြုကြောင်း မြန်မာနိုင်ငံခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးစိုးနိုင်က ပြောသည်။

သင်တန်းကျောင်းတွင် ရိုးရာခြင်းလုံးအားကစားသမားကြီးများနှင့် ပိုက်ကျော်ခြင်းလက်ရွေးစင်အားကစားသမားကြီးများအား သင်တန်းနည်းပြဆရာများအဖြစ်ထားရှိပြီး စားသောက်နေထိုင်မှုများ ထောက်ပံ့စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမှခရီးသွားများကလည်း စိတ်ဝင်တစားရှိသော မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစားနည်းအား အာရှ၊ ဥရောပနိုင်ငံများသို့ မကြာမကြာသရုပ်ပြသွားရောက်ခတ်ကစားမှုများရှိသလို မြန်မာနိုင်ငံသို့လည်း ၎င်းတို့နိုင်ငံ၏ ယဉ်ကျေးမှုအားကစားနှင့် ဆက်စပ်သောရိုးရာခြင်းလုံးခတ်ကစားခြင်းကို TV Channel များတွင် ထုတ်လွှင့်ပြသနိုင်ရန်၊ out door လာရောက်ရိုက်ကူးမှုရှိသည့်အခါ အဆိုပါခြင်းလုံး သင်တန်းကျောင်းကြီးမှ အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်သည်။ အဆိုပါ ခြင်းလုံးသင်တန်းကျောင်းအား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်စေမည်ဖြစ်ရာ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ပြီးစီးနိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။ **(ဝင်းမောင်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၁၁ - ၂၀၁၅ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့်
-သံသာချိုအေးမင်္ဂလာတေး
၆:၁၀ တေးဂီတအစီအစဉ်
၆:၂၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြေတဲ့နှင်းဆီ"
(အပိုင်း-၃)
၇:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ"
(အပိုင်း-၄၂)
၈:၂၅ မြန်မာဗီဒီယိုဇာတ်လမ်း
"ချစ်မှချစ်အကြီးကြီးချစ်"
(ဇာတ်သိမ်း)
(ပြေတီဦး၊ ရဲအောင်၊
အိန္ဒြာကျော်ဇင်၊ မေသဉ္ဇာဦး၊
ချောရတနာ၊ ဝိုင်းစုခိုင်သိန်း)
[(ဒါရိုက်တာ- ကိုဇော်(အရုဏ်ဦး)]
၉:၂၅ ဟိုးတုန်းက. . ရေဒီယိုအသံလွှင့်
ဇာတ်လမ်းများ "နုငယ်ငယ်"
(ထက်နေချမ်း၊ ဆိုင်းဆွမ်၊ ခိုင်သဇင်၊
အေသရီး)
[ဒါရိုက်တာ-သီတာလင်း
(Laurel Art Academy)]
၁၀:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း
"အချစ်ကသင်ပေးတာ"
(ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်)
(ဒါရိုက်တာ-မလိခစိုးထိုက်အောင်)

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၄၀ "အကောင်းဆုံးဆိုတာ
ဘယ်ဟာလဲ"
(အပိုင်း-၂) တရားတော်
[ဆရာတော်ဒေါက်တာ
ဘဒ္ဒန္တအဂ္ဂဝရ]
၈:၃၅ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၁၀:၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Luminarc 2016's Stylish
New Range)
၁၁:၃၀ Forever Music
Tribute Raggae
(အပိုင်း-၂) (ဒုတိယပိုင်း)
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း"
(ဇာတ်သိမ်းပိုင်း)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ဝက်ပါစ်အိမ်" (အပိုင်း-၁)
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၂၀)
၃:၄၀ 4 TV 2015 Music Festival
Road To (Part-2)
၅:၄၅ ရန်ကုန်မြင်ကွင်းကျယ်
(Solo Arts & Crafts Exhibtion
of Mon Halsey)
၇:၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ဝက်ပါစ်အိမ်" (အပိုင်း-၂)
၈:၂၀ ရသစုံညွှန်းတမ်းများ
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၄၅)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၁)
၁၀:၂၀ Fashion Week [MFDG
(Part-2)]
၃:၅၅ World of Knowledge
(Mega Structures Dubais
Palm Island)
၄:၄၀ တန်ခိုးကြီးမား
ဘုရားစေတီပုထိုးများ
(ဆံတော်ရှင်ကျိုက်ထီးရိုး
စေတီတော်မြတ်ကြီး)

### မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၀ ခမ္မပူဇာတေး
၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၅ မျိုးချစ်တပ်မတော်
၆:၄၅ မှတ်တမ်း
၆:၅၅ မြန်မာသံစဉ်ချိုနှားဝင်
၇:၁၀ အမျိုးသားရေးတေးကဗျာ
၇:၂၅ သင့်အတွက်တစ်နေ့တာ
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ စိုက်ပျိုးသုတ
၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈:၃၅ ခရီးလည်းသွား
စကားလည်းဆို
၈:၄၅ မြဝတီနေ့စဉ်သတင်း
၉:၀၀ တည်ဆောက်ပြုပြင်
မြို့တော်တစ်ခွင်
၄:၁၅ အမျိုးသားရေးတေးကဗျာ
၄:၂၀ မျိုးချစ်တပ်မတော်
၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ အင်္ဂလိပ်စာသုတ
၄:၄၅ မြန်မာသံစဉ်ချိုနှားဝင်
၅:၀၀ သာယာဉီကြွေးခေတ်ဆန်းတေး
၅:၁၅ သူတို့အကြောင်း
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဂန္ထဝင်မြောက်အမုန်း
အပိုင်း(၇၅)
၆:၀၅ အမျိုးသားရေးတေးကဗျာ
၆:၁၀ Let's Go
၆:၃၅ Dream Team
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အရာရာထက်မင်းအပိုင်း(၃၈)
မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
ဟာသရုပ်စုံ
ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဘဝသစ်ရဲ့အလင်းရောင်
အပိုင်း(၅)

### mitv

07:03 Am News
07:26 Insight Myanmar "Parenting &
Child Development" (Part-I)
07:52 Paper Lantern Festival 2015 in Action
08:26 Tazaungmone (Ep-2)
08:51 Today Myanmar
09:26 Culture Show: Abdication of King Thibaw
09:45 Chinlone & The Dreams of the players
10:26 Entrepreneur: Dr. Thin Nwe Win
10:36 The Richly Blessed Gem Land
06:26 Let's Cook (EP-11) Scones and Caramel Custard Pudding
06:53 Entrepreneur: Dr. Thin Nwe Win
07:26 A Day Out With Sarah (EP-5)
07:52 Paper Lantern Festival 2015 in Action
08:26 Discovering Tribes "Gaybar Kayin"
08:50 Paper Lantern Festival 2015 in Action

## ရွှေလက်တွဲခဲ့ကြပြီဖြစ်တဲ့ မာဂန်နီယက်နဲ့ ဆိုဖီယာ ဘာဂါရာ



နိုဝင်ဘာ ၂၂ ရက် (အမေရိကန်စံတော်ချိန်) ဟောလိဝုဒ်ကြယ်ပွင့် နှစ်ဦးဖြစ်သည့် ဂျိုးမာဂန်နီယယ်လိုနှင့် ဆိုဖီယာဘာဂါရာတို့နှစ်ဦးသည် ဖလော်ရီဒါပြည်နယ် ပန်မ်ကမ်းခြေရှိ ဘရိတ်ကာရီဆော့ဗ်မှာ လက်ထပ်ပွဲဆင်နွှဲခဲ့ကြသည်ဟု People ဖျော်ဖြေရေးအော့ဂျင်စီက ဖော်ပြခဲ့သည်။ မင်္ဂလာဧည့်ခံပွဲအခမ်းအနားကို ည ၇ နာရီတွင် စတင်ခဲ့ပြီး နှစ်ဖက်မိဘအသိုင်းအဝိုင်း စုံစုံညီညီတက်ရောက်ခဲ့သလို မင်းသမီးရီးစ်ဝစ်သာစပွန်းနှင့် ချန်နင်တေတန်တို့လည်း တက်ရောက်ခဲ့ကြသည်။

သူတို့နှစ်ဦးသည် ၂၀၁၄ ဇူလိုင်လလယ်လောက်က စတင်ချစ်ကျွမ်းဝင်ခဲ့ကြပြီး တစ်နှစ်ကျော်ကာလအတွင်းမှာပင် လက်ထပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းလည်း ဖြစ်သည်။ မင်းသမီး ဆိုဖီယာ ဘာဂါရာသည် လက်ရှိတွင် အသက် (၄၃)နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ဆယ်ကျော်သက်အရွယ် ၁၉၉၀ ခုနှစ်ကတည်းက ပထမ အိမ်ထောင်နှင့် ပြတ်စဲခဲ့ပြီးနောက် နာမည်ကြီးမင်းသားတွမ်ခရုဇ်၊ စပိန်နွယ်ဖွားအဆိုတော် အန်းနရစ်လက်စ်ဂလေးစီးယက်ဇ်တို့နှင့်လည်း တွဲခဲ့သည်။

၂၀၁၂ ဇူလိုင်လအတွင်းက နစ်လော့ပ်နှင့် ချစ်ကြိုက်ခဲ့သော်လည်း ၂၀၁၄ ခုနှစ် မေလကပင် လမ်းခွဲခဲ့ကာ နှစ်လအတွင်းမှာပင် ယခုလက်ထပ်ခဲ့သည့် မာယန်နီယယ်လိုနှင့် တွဲနေခဲ့ခြင်းဖြစ်သည်။

## ဒီဇင်ဘာလအတွင်း ကြည့်ရှုရတော့မည့် Alvin and the Chipmunks : The Road Chip ကာတွန်းဇာတ်ကား

Fox ရုပ်ရှင်ထုတ်လုပ်ရေးက တင်ဆက်သော Alvin and the Chipmunks: The Road Chip ကာတွန်းကားကို လာမည့်ဒီဇင်ဘာ ၁၈ ရက်တွင် ရုံတင်ပြသမည်ဖြစ်ရာ ဒီဇင်ဘာ ၂၃ ရက်တွင် ရုံတင်မည့် ဂျေဂျေအေဘရမ်ရိုက်ကူးပုံဖော်ထားသည့် Star Wars: The Force Awakens ဇာတ်ကားပြသမည့်ရက်နှင့် ငါးရက်သာကွာဟမည်ဖြစ်သည်။ သို့သော် အမေရိကန်ပြည်ထောင်စုရှိကျောင်းများ ခရစ္စမတ်ကာလပိတ်ရက်အမီ ပြသချင်သောကြောင့် ယခုကဲ့သို့ ပရိသတ်များ စိတ်ဝင်စားနှုန်း မြင့်တက်နေသည့် Star Wars:The Force Awakens ရုပ်ရှင်ရုံတင်မည့်ရက်နှင့် နီးကပ်နေမှန်း သိလျက်ပင် ရုံတင်ရက်ချိတ်ခဲ့ရခြင်းဖြစ်သည်ဟု Fox ရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ဟောလိဝုဒ်ရီပိုတာဒေါ့ကွန်းက ဖော်ပြသည်။

ယင်းဇာတ်ကား၏ နမူနာကို လွှင့်ခဲ့သည့် ဧပြီလကတည်းက ပြသခဲ့ပြီးနောက် ခုနစ်လအကြာတွင် ရုံတင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မေရန်ဆင်ဂါ၏ ဇာတ်လမ်းကို ဒါရိုက်တာ ဝေါ့ထ်ဘက်ကာက ရိုက်ကူးပုံဖော်ထားပြီး အသံသရုပ်ဆောင်များအဖြစ် လီဂျက်ဆန်၊ တိုနီပေးလ်၊ ဂျက်စတင်လောင်းနှင့် အန်နာဖဲလ်တို့ ပါဝင်အားဖြည့်ထားကြသည်။ ၂၀၁၀ တွင် ရုံတင်ပြသခဲ့သော Alvin and the Chipmunks: The Squeakquel ၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ




၁၅၆ သန်းကျော်လွှန်ခဲ့သည့်အတွက် ယခုပြသမည့် စတုတ္ထမြောက် အယ်လ်ဗင်ဇာတ်ကားကိုလည်း ယခင်ရရှိခဲ့သော ဝင်ငွေစံချိန်ကို ချိုးဖျက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းလည်း Fox ရုပ်ရှင်ထုတ်လုပ်ရေးက ပြောကြားခဲ့သည်။

## အိမ်ထောင်သက်(၁၀)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ကိုရီးယားကြယ်ပွင့်မောင်နှံ သားဦးမွေးဖွားရန် မျှော်လင့်



မေလှဲ့သင်း - စုစည်းသည်

မြန်မာပရိသတ်များ ဂေါ်ခူးအဖြစ်သိကြတဲ့ မင်းသားယွန်ဂျောင်ဟန်နဲ့ ဇနီးဖြစ်သူမင်းသမီး ဟန်ဂါအင် (စူပါမင်းနှင့် မာနရှင်ဇာတ်လမ်းတွဲမှ ဆိုဟီး) တို့နှစ်ဦးက အိမ်ထောင်သက် (၁၀)နှစ်ပြည့်မြောက်ပြီဖြစ်တဲ့အချိန်မှ သားဦးရင်သွေးမွေးဖွားတော့မှာ ဖြစ်တယ်လို့ ဟန်ဂါအင်ရဲ့ အေဂျင်စီဖြစ်တဲ့ ဘီအိပ်ချ်က အတည်ပြုပြောကြားခဲ့ပါတယ်။

ဒီကိုရီးယားကြယ်ပွင့်နှစ်ဦးက ၂၀၀၃ ခုနှစ်က ရိုက်ကူးခဲ့တဲ့Yellow Handkerchief ဇာတ်လမ်းတွဲမှာ အတူတကွပါဝင်သရုပ်ဆောင်ရင်းနဲ့ မေတ္တာမျှခဲ့ကြပြီး ၂၀၀၅ ခုနှစ်မှာ လက်ထပ်ခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းက မင်းသမီးဟန်ဂါအင်က အသက်အရွယ်ငယ်ရွယ်သေးသလို ထိပ်တန်းနေရာရောက်နေတဲ့ မင်းသမီးလည်းဖြစ်တာမို့ မင်းသားယွန်ဂျောင်ဟန်ကို လက်ထပ်လိုက်တဲ့ ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုတွေကြုံတွေ့ခဲ့ရပေမယ့် တကယ်လက်တွေ့မှာတော့ သာယာတဲ့ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်နိုင်ခဲ့ပါတယ်။

အေဂျင်စီရဲ့ဖော်ပြချက်မှာ "ဟန်ဂါအင်ရဲ့ ကိုယ်ဝန်က အခုဆို ၁၉ ပတ်ထဲ ရောက်ရှိလာပြီဖြစ်လို့ ငါးလကျော်သွားပါပြီ။ ဒါကြောင့် အခုကျန်းမာတဲ့ ရင်သွေးငယ်ကို မွေးဖွားဖို့ ကျွန်တော်တို့ မင်းသမီးက ကျန်းမာရေး စောင့်ရှောက်မှုတွေကိုပဲအလေးပေးလုပ်ဆောင်နေပါတယ်။ အခုလို မင်းသားနဲ့ မင်းသမီးမောင်နှံကို ချစ်ခင်ပြီး ဝမ်းသာကြောင်း စာရေးသားပေးပို့ကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်"လို့ ရေးသားထားပါတယ်။

မင်းသား ယွန်ဂျောင်ဟန်က မင်းသမီးဟန်ဂါအင်လောက် နာမည်ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦး မဟုတ်ပေမယ့်လည်း ချစ်ခင်ကြင်နာတတ်သူ တစ်ဦးဖြစ်တာကြောင့် မင်းသမီးဟန်ဂါအင်ဟာ ကံကောင်းတဲ့သူတစ်ဦးအဖြစ် ကိုရီးယားကြယ်ပွင့်တွေကြားမှာ ထင်ရှားသူပါ။

ဟန်ဂါအင်မှာ မျက်နှာခွဲစိတ် ပြုပြင်မှုအများအပြား လုပ်ဆောင်ထားတတ်ကြတဲ့ ကိုရီးယားအနုပညာ နယ်ပယ်မှာ ပင်ကိုသဘာဝအတိုင်း လှပတဲ့မင်းသမီးတစ်ဦးလည်းဖြစ်ပါတယ်။ ဒါပေမယ့် မင်းသမီးက ကိုယ်ဝန်ဆောင်အနေအထားနဲ့ လူမြင်ကွင်းထဲကို ထွက်လာတာမျိုးတော့ ပရိသတ်တွေ တစ်ခါမျှမြင်တွေ့ရခြင်း မရှိသေးပါဘူး။ ဒါ့အပြင် သူတို့နှစ်ဦးရဲ့ရင်သွေးက ယောက်ျားလေးလား၊ မိန်းကလေးလားဆိုတာလည်း အခုထိ မသိရသေးပါဘူးလို့လည်း ဘီအိပ်ချ် အေဂျင်စီက ဆိုပါတယ်။

◆◆◆

**အားကစား**

# ဖက်ဒရာအား အနိုင်ကစားပြီး ATP World Tours Finals လက်ရှိချန်ပီယံဘွဲ့ကို ဂျိုကိုဗစ်ချ် ကာကွယ်



နိုဝင်ဘာ၂၃ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ATP World Tours Finals ဗိုလ်လုပွဲ ပွဲစဉ်မှာ လက်ရှိချန်ပီယံလည်းဖြစ်၊ ကမ္ဘာ့အဆင့် (၁)တင်းနစ်ကစားသမားလည်းဖြစ်သူ နိုဗက်ဂျိုကိုဗစ်ချ်က အုပ်စုတွင်းမှာ ရှုံးနိမ့်ခဲ့တဲ့ ဖက်ဒရာကို ပြန်လည်အနိုင်ကစားကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားနိုင်ခဲ့ပါတယ်။ ဂျိုကိုဗစ်ချ်က ဖက်ဒရာကို ပွဲချိန် မိနစ် ၈၀ အတွင်းမှာ ၆-၃၊ ၆-၄ နဲ့ နှစ်ပွဲပြတ်အနိုင်ကစားပြီး အုပ်စုတွင်းက ရှုံးကြွေးကို ပြန်လည်ဆပ်နိုင်ခဲ့ပါတယ်။

ဖက်ဒရာက ယခုပွဲမှာ ဗိုလ်စွဲနိုင်ခဲ့ရင် ကမ္ဘာ့အဆင့်(၂)နေရာကို ပြန်လည်တက်လှမ်းနိုင်မှာဖြစ်ပေမယ့် တန်ပြန်ရိုက်ချက်တွေနဲ့ စပေးရိုက်ချက်တွေမှာ ဂျိုကိုဗစ်ချ်ကို မယှဉ်နိုင်ခဲ့တာကြောင့် ချန်ပီယံဆုနဲ့လွဲချော်ခဲ့ရသလို ကမ္ဘာ့အဆင့်(၃)နေရာနဲ့သာ ရာသီသိမ်းလိုက်ရတာဖြစ်ပါတယ်။ ဂျိုကိုဗစ်ချ်ဟာ အုပ်စုတွင်းက ဖက်ဒရာကို ရှုံးနိမ့်ခဲ့တဲ့လက်စွမ်းနဲ့ ဆီနဲ့ရေလိုကွာခြားခဲ့ကာ သူဟာကမ္ဘာ့အဆင့်(၁)နေရာကို ဘာကြောင့် အချိန်အကြာကြီး ထိန်းထားနိုင်ခဲ့သလဲဆိုတာကိုပါ ဒီဗိုလ်လုပွဲမှာ သက်သေပြနိုင်ခဲ့ပါတယ်။

ဂျိုကိုဗစ်ချ်က "ATP ဖလားလို ဂုဏ်သိက္ခာမြင့်တဲ့ ပြိုင်ပွဲ မှာ ဖက်ဒရာကိုအနိုင်ကစားပြီး ချန်ပီယံဖြစ်ခဲ့တာက တကယ့်ကို ကျေနပ်ဖို့ကောင်းပါတယ်"လို့ ပွဲအပြီးမှာ ပြောခဲ့ပါတယ်။

ဂျိုကိုဗစ်ချ်က ပြီးခဲ့တဲ့နိုဝင်ဘာ ၁၇ ရက်က အုပ်စုတွင်းပွဲစဉ်မှာ ဖက်ဒရာကို ရှုံးနိမ့်ခဲ့တာ တစ်ပတ်မပြည့်ခင်အချိန်မှာပဲ အခုလို ပြန်လည်အနိုင်ယူနိုင်ခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်က ဂျိုကိုဗစ်ချ်အတွက် လုပ်သမျှအောင်မြင်တဲ့နှစ်လို့တောင်ဆိုရမှာဖြစ်ပါတယ်။ ဖက်ဒရာကတော့ ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲမှာရော၊ ယူအက်စ်အိုးပင်းဗိုလ်လုပွဲမှာရော ဂျိုကိုဗစ်ချ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် အခုပွဲမှာပါ ထပ်မံအရေးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဖက်ဒရာက "မနှစ်ကဗိုလ်လုပွဲကစားရမယ်ဆိုကာမှ နောက်ကျောဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရတာထက်တော့ ဒီနှစ်မှာဝင်ရောက်ကစားပြီး ရှုံးနိမ့်ခဲ့ရတာက ပိုကောင်းပါတယ်"လို့ တုံ့ပြန်ခဲ့ပါတယ်။

**ရွှင်ယန်ဟောဒင်**

## နိုဝင်ဘာ ၂၆ ရက် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုအဆင့် ပွဲစဉ်များ

| | | | |
|---|---|---|---|
| မယ်လ်မို | - | ပီအက်စ်ဂျီ | နံနက်-၂း၁၅ |
| ရှက်တာဒိုးနက်စ် | - | ရီးယဲလ်မက်ဒရစ် | နံနက်-၂း၁၅ |
| မန်ယူ | - | ပီအက်စ်ဗွီ | နံနက်-၂း၁၅ |
| အက်သလက် | - | ဂါလာတာစာရေး | နံနက်-၂း၁၅ |
| ဂျူဗင်တပ် | - | မန်စီးတီး | နံနက်-၂း၁၅ |
| ဂလာဘက် | - | ဆီဗီလာ | နံနက်-၂း၁၅ |

## နိုဝင်ဘာ ၂၂/၂၃ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| စပါး | ၄ | - | ၁ | ဝက်စ်ဟမ်း |

**စီးရီးအေ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၄ | - | ၀ | ဖရိုစီနိုနီ |

**လာလီဂါ ပွဲစဉ် - ၁၂**

| | | | | |
|---|---|---|---|---|
| ဗီလာရီးယဲလ် | ၁ | - | ၁ | အီဘား |
| ဂရန်နာဒါ | ၂ | - | ၀ | ဘီဘာအို |
| ဘက်တစ် | ၀ | - | ၁ | အက်သလက်တီကို |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| အင်ဂိုစတက် | ၃ | - | ၁ | ဒမ်းစတက် |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| ရင်းနစ် | ၂ | - | ၂ | ဘော်ဒိုး |
| စိန့်အက်တီရယ်နီ | ၀ | - | ၂ | မာဆေး |

**မောင်မောင်ဇော်**

# အာဆင်နယ်သို့ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေသည့် အီဗရာဟီမိုဗစ်ချ်

ပီအက်စ်ဂျီတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်သည် ပရီမီယာလိဂ်ကလပ် အာဆင်နယ်သို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေကြောင်း ဆန်းဒေးပီးပဲလ် အွန်လိုင်းသတင်းဌာနက ဖော်ပြသည်။ လွန်ခဲ့သည့် ဆယ်စုနှစ် ကာလအတွင်း အီဗရာဟီမိုဗစ်ချ်အား အာဆင်နယ်က ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ငြင်းပယ်ခဲ့သည့်အတွက် အာဆင်နယ်ကစားသမားအဖြစ်ပရိသတ်များ မမြင်တွေ့ခဲ့ရခြင်းဖြစ်သည်။

အသက်(၃၄)နှစ်ရှိ မိုဗစ်ချ်သည် အေဂျက်စ်၊ အေစီမီလန်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာနှင့် ပီအက်စ်ဂျီတို့နှင့်အတူ ချန်ပီယံဆုဖလားများကို ရရှိခဲ့ဖူးပြီးဖြစ်သော်လည်း ပရီမီယာလိဂ်အတွေ့အကြုံမရှိသေးသဖြင့် ကစားသမားဘဝမှ အနားမယူမီ အတွေ့အကြုံသစ်ရရှိရန် အာဆင်နယ်တွင် လာရောက်ကစားလိုနေခြင်းဖြစ်သည်။ မိုဗစ်ချ်အား ပရီမီယာလိဂ်ကလပ် အသင်းအတော်များများက ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း ကစားသမားကိုယ်တိုင်ကမူ အာဆင်နယ်တွင်သာ ကစားရန် စိတ်ဝင်စားနေသည်ဟု ဆွီဒင်သတင်းစာများက အကျယ်တဝင့် ဖော်ပြခဲ့ကြသည်။ **မေလှဲ့သင်း**



# ရီးယဲလ်နည်းပြရာထူးအတွက် အဆင်သင့်မဖြစ်သေးသည့် ဇီဒန်း

ရီးယဲလ်နည်းပြသစ်အဖြစ်ခန့်အပ်ခံရရန် ရေပန်းစားနေသော ဇီဒန်းက ၎င်းမှာ ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်ပထမအသင်းကြီးကို ကိုင်တွယ်ရန် အဆင်သင့်မဖြစ်သေးကြောင်း ပြောကြားလိုက်သည်။ နိုဝင်ဘာ ၂၁ ရက်က ယှဉ်ပြိုင်ခဲ့သော ဂလက်စီကိုပွဲစဉ်တွင်ရီးယဲလ်မှာ အိမ်ကွင်း၌ပင် ဘာစီလိုနာအား လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရာ လက်ရှိနည်းပြ ဘင်နီတက်ဇ်အား ထုတ်ပယ်ကာ ရီးယဲလ်လူငယ်အသင်းနည်းပြ ဇီဒန်းနှင့် အစားထိုးတော့မည်ဟူသောသတင်းများထွက်ပေါ်လာသောကြောင့် ဇီဒန်းက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

ရီးယဲလ်သည် ယခုပွဲမတိုင်မီကစားခဲ့သော လာလီဂါပွဲစဉ်၌လည်း ဆီဗီလာအားအရေးနိမ့်ကာ အမှတ်ပေးဇယားထိပ်ဆုံးနေရာအား ဘာစီလိုနာအား လွှဲပြောင်းပေးခဲ့ရသည်။ ထို့ကြောင့် အယ်လ်ကလက်စီကိုပွဲစဉ်တွင် ထပ်မံရှုံးနိမ့်ခဲ့လျှင် ဘင်နီတက်ဇ်အား ထုတ်ပယ်သွားရန် စီစဉ်ထားပြီးဖြစ်သည်ဟု ယင်းပွဲစဉ်မယှဉ်ပြိုင်မီကပင် သတင်းများထွက်ပေါ်နေခဲ့ခြင်းဖြစ်သည်။

အဆိုပါကစားပွဲယှဉ်ပြိုင်အပြီးတွင် ရီးယဲလ်ပရိသတ်များက ဘင်နီတက်ဇ်၏ နေရာတွင် ဇီဒန်းဖြင့် အစားထိုးရန် အချိန်တန်ပြီဖြစ်ကြောင်း လက်ကိုင်ပဝါများဖြင့် ဝှေ့ယမ်းတောင်းဆိုခဲ့ကြသည်။ထို့ပြင် ဘာစီလိုနာနှင့် ဘရာဇီးကစားသမားဟောင်း ရီဗယ်လ်ဒိုကလည်း ဇီဒန်းမှာ ဂွါဒီယိုလာနှင့် အန်းနရစ်တို့ကဲ့သို့ ပထမအသင်းကြီးကို ကိုင်တွယ်ရန် လုံလောက်သည့် အတွေ့အကြုံရှိပြီဖြစ်သောကြောင့် ရီးယဲလ်အသင်းကို ကိုင်တွယ်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

သို့သော် ဇီဒန်းကမူ "ကျွန်တော်မနှစ်ကနွေကတည်းက ရီးယဲလ်ပထမအသင်းကြီးကို ကိုင်တွယ်မယ်လို့ စဉ်းစားကြည့်ချိန်မှာ တစ်ခုခုလိုအပ်နေတယ်လို့ ခံစားခဲ့ရပါတယ်။ ဒါကြောင့်အခုအချိန်မှာလည်း ဒီတာဝန်ကို ယူဖို့အဆင်သင့်မဖြစ်သေးပါဘူး။ ပြီးတော့ ကျွန်တော်က ရီးယဲလ်လူငယ်အသင်းနည်းပြအဖြစ်ပဲ အခုထိရှိနေပါသေးတယ်"ဟု ဇီဒန်းက ပြန်လည်တုံ့ပြန်ခဲ့သည်။

ဇီဒန်းသည် မနှစ်က ဘောလုံးရာသီမပြီးဆုံးခင်မှာပင် အန်စလော့တီနေရာအား ဆက်ခံမည့်သူအဖြစ်ရေပန်းစားခဲ့သော်လည်း တကယ့်လက်တွေ့တွင် ရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ်က ဘင်နီတက်ဇ်ကိုသာ အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

# အက်သလက်တီကိုမက်ဒရစ် လာလီဂါအမှတ်ပေးဇယား ဒုတိယနေရာတက်လှမ်း



အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ရီးယဲလ်ဘတ်တစ်အသင်းတို့ နိုဝင်ဘာ ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါ ပွဲစဉ် (၁၂)တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ရီးယဲလ်ဘတ်တစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် လာလီဂါအမှတ်ပေးဇယား၏ ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ဘာစီလိုနာအသင်းနှင့် ရမှတ်လေးမှတ် ကွာဟနေခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသည် အယ်လ်ကလက်စီကို ပွဲစဉ်တွင် ဘာစီလိုနာအသင်းအား လေးဂိုးပြတ် ရှုံးနိမ့်ခဲ့ခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းအား နှစ်မှတ်ဖြတ်ကာ လာလီဂါအမှတ်ပေးဇယား၏ ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

ရီးယဲလ်ဘတ်တစ် အသင်းနှင့် အက်သလက်တီကိုမက်ဒရစ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါ ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပွဲစဉ်တစ်လျှောက်လုံး အိမ်ရှင်ရီးယဲလ်ဘတ်တစ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ပွဲစပြီး ခုနစ်မိနစ်တွင် သွင်းယူခဲ့သည့် ကိုကီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ငွေကြယ်**

# ရိုနယ်လ်ဒိုနဲ့ မက်ဆီပြီးရင် ဟာဇက်က ကျွန်တော့်အကြိုက်ဆုံးကစားသမားပါ

ရီးယဲလ်အသင်းလူငယ်နည်းပြ ဇီဒန်းက မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ပြီးလျှင် ဟာဇက်သည် သူ၏တတိယအကြိုက်ဆုံးကစားသမားဖြစ်ကြောင်း ဂိုးဒေါ့ကွန်းသို့ ပြောကြားလိုက်သည်။ ဇီဒန်းက ဟာဇက်အား ရီးယဲလ်သို့ခေါ်ယူရန် စောင့်ကြည့်နေသည်ဆိုသည်မှာ မှန်ကန်ကြောင်းပြောကြားခဲ့ပြီး ဟာဇက်ကိုယ်တိုင်ကလည်း ရီးယဲလ်သို့ ပြောင်းရွှေ့ရန် အလေးအနက်စဉ်းစားနေသည်ဟု ကစားသမားနှင့် နီးစပ်သော အသိုင်းအဝိုင်းမှ ဝန်ခံခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိဟာဇက်မှာ ပြီးခဲ့သည့် ဘောလုံးရာသီတွင် ချယ်လ်ဆီးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့ကာ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုဆွတ်ခူးနိုင်သည်အထိ ခြေစွမ်းထက်မြက်ခဲ့သော်လည်း ယခုနှစ်တွင် ပုံမှန်ခြေစွမ်းအောက် ရောက်ရှိနေကာ ချယ်လ်ဆီးရှုံးပွဲဆက်မှု၏ အဓိက တရားခံတစ်ဦးလည်း ဖြစ်လာရသည်။ ဇီဒန်းက ဟာဇက်အနေဖြင့် မကြာမီသူ၏အကောင်းဆုံးပုံစံကို ပြန်လည်ရရှိနိုင်မည်ဖြစ်ပြီး ဟာဇက်ဝင်ရောက်ကစားသည့် ကစားပွဲများကို ကြည့်ရှုရသည်ကိုနှစ်သက်ကြောင်းလည်းဆိုခဲ့သည်။

"ခရစ္စတီယာနို(ရိုနယ်လ်ဒို)နဲ့ မက်ဆီတို့ပြီးရင် ဟာဇက်က ကျွန်တော့်ရဲ့ အကြိုက်ဆုံးကစားသမားပါ။ ဒါ့ကြောင့် သူ့ကို ရီးယဲလ်အတွက် ကစားစေချင်သလားမေးရင် ဒီလိုကစားသမားကောင်းတွေ လာရောက်ပူးပေါင်းကစားတာကို ကျွန်တော်နှစ်သက်ပါတယ်။မကြာခင်အချိန်အတွင်းမှာ သူ့အနေနဲ့ အကောင်းဆုံးပုံစံပြန်ရလာမှာဆိုတာကိုလည်း ကျွန်တော်သံသယမရှိပါဘူး"ဟု ဇီဒန်းက ဂိုးဒေါ့ကွန်းသို့ပြောကြားသည်။

**မေလှဲ့သင်း**

❏

## ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်တစ်စီးမီးလောင်



**နေပြည်တော်  နိုဝင်ဘာ ၂၃**

ရန်ကုန်-မန္တလေးအမြန်လမ်း ပြင်စည်အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် (၃၂၂/ ၅-၆)ကြားတွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်က ယာဉ်တစ်စီး မီးလောင်၍ ပြင်စည်အမြန်လမ်းမီးသတ်တပ်ဖွဲ့နှင့် ပြင်စည်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲထက်အောင်(၂၃)နှစ် မောင်းနှင်သည့် ယာဉ်မှာ အင်ဂျင်အပူရှိန်မြင့်တက်၍ ရပ်လိုက်စဉ် ယာဉ်တစ်စီးလုံး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း အမြန်လမ်းရဲစခန်းမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်စည်အမြန်လမ်းရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဒွေးမြင့်မောင်)**

## တရားမဝင်သစ် သယ်ဆောင်လာသူများအား အရေးယူ

**နေပြည်တော်  နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ကနီမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် ချောင်းမသစ်တော ဘိနယ်မှဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များသယ်ဆောင်လာကြောင်း သတင်းအရ နိုဝင်ဘာ ၂၀ ရက် ည ၇ နာရီခွဲခန့်က ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ်(၁၆)အနီးတွင် စောင့်ဆိုင်းနေစဉ် ယာကြီးဘက်မှ မုံရွာဘက်သို့ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နေ ဇော်နိုင်(၃၄)နှစ်မောင်းနှင်လာသည့် ၁၀/----- ODYSSEY အဖြူရောင်ယာဉ်နှင့် တစ်မြို့နယ်တည်းနေ ခိုင်ကို (၂၃)နှစ် မောင်းနှင်လာသော YGN-3G/---- TOYOTA Carina အနက်ရောင်ယာဉ်တို့အား ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ODYSSEY ယာဉ်ပေါ်မှ တရားမဝင်တမလန်း သစ်ခွဲသား ၁၉ တုံး(သုည ဒသမ ၅၅၆၄ တန်) တန်ဖိုးငွေကျပ် ၁၆၆၉၂၀ နှင့် TOYOTA Carina ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသား ၁၂ တုံး (သုည ဒသမ ၃၄၈၈ တန်) တန်ဖိုးငွေကျပ် ၁၀၄၄၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ငါးပူတင်းစာသုံးရာမှအစာအဆိပ်သင့်၍ နှစ်ဦးသေဆုံး

**ထားဝယ်  နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့ (ဃ)ရပ်ကွက်တွင် နိုဝင်ဘာ ၂၂ ရက် ညနေ၌ ငါးပူတင်းငါးကလီစာများလာရောက် ရောင်းချလျက်ရှိရာ နေအိမ်နှစ်အိမ်မှ ဝယ်ယူစားသုံးမိသဖြင့်နှစ်ဦးသေဆုံးပြီး နှစ်ဦးမှာ ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်မှာ ရေဖြူမြို့နယ်(ဃ)ရပ်ကွက်တွင် ငါးပူတင်းငါး(ထားဝယ်အခေါ် ပုဇင်းငါး) ကလီစာများလာရောက်ရောင်းချသဖြင့်မိသားစုနှစ်စုမှဝယ်ယူ၍ ငါးပူတင်းငါးအသည်းဟင်း ဖြင့်ထမင်းစားခဲ့ပြီးနောက် နိုဝင်ဘာ ၂၂ ရက် ည ၉ နာရီတွင် ဦးထိန်ဝင်း အသက်(၅၄)နှစ်မှာ မူးဝေလာပြီး ရေဖြူဆေးရုံသို့ ပို့ပြီးဆေးကုသမှုခံယူစဉ် ည ၉ နာရီခွဲတွင် သေဆုံးသွားခဲ့သည်။

ထိုနောက်ဦးထိန်ဝင်း၏ဇနီး ဒေါ်ခင်မျိုးနွယ်(၅၀)နှစ်၊မသက်သက်ချို(၄၃)နှစ်နှင့် ခင်ပွန်း ဦးတင်ထွန်း(၄၈)နှစ်တို့ထပ်မံ မူးဝေလာသဖြင့် ရေဖြူဆေးရုံမှတစ်ဆင့် ထားဝယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ည ၁၁ နာရီခွဲတွင် မသက်သက်ချို ထပ်မံသေဆုံးသွားသည်။ ဒေါ်ခင်မျိုးနွယ်နှင့် ဦးတင်ထွန်းတို့မှာ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက်)**

❒

## ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော်  နေပြည်တော် ၂၃**

ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်က ဘားအံမြို့နယ်၊ တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာ တောင်ခြေတွင်တွေ့ရှိသူ စောမောင်မဲနှင့် နေလင်းထက်တို့နှစ်ဦးအား ရှာဖွေရာ စောမောင်မဲ ဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် သုည ဒသမ ၉ သိန်းတို့ကိုသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘားအံမြို့နယ် တော်ပုံကျေးရွာအုပ်စု ကော့မရမ်းကျေးရွာတောင်ခြေရှိ မူးယစ်ဆေးဝါးများရောင်းချပေးသူ ထိကျယ်နှင့် ဇာနည်တို့နေထိုင်သည့် တဲအိမ်ကို သွားရောက်ရှာဖွေရာ ၎င်းတို့အားမတွေ့ရှိဘဲ တဲအတွင်းမှ ယမ်းထောင်းတူမီးလုပ်သေနတ်သုံးလက်၊ မီးကူးယမ်းပြားအလုံး ၆၀ ပါ တစ်ရွက်၊ ခဲဘောစေ့ ၁၆ လုံး၊ လက်လုပ်မိုင်း ခုနစ်လုံး၊ စစ်သုံးမှန်ပြောင်းတစ်ခု၊ ဆေးရှူရာတွင်အသုံးပြုသော ဝါးပြောင်းငယ်တစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိသဖြင့် စောမောင်မဲ(ခ)စောစိန်အောင်(၂၅)နှစ်၊ နေလင်းထက်(ခ)ခေါင်းကြီး (၂၃)နှစ်၊ ထိကျယ် (၄၅)နှစ်(ဖမ်းမမိသေး)နှင့် ဇာနည် (၃၄) နှစ် (ဖမ်းမမိသေး)တို့ လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## နှစ်လုံးထီလောင်းကစားပြုလုပ်သူအား အရေးယူ

**နေပြည်တော်  နိုဝင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကလျာနီရပ်ကွက် ရွှေဂူလေးဘုရားဝင်းအတွင်းရှိ ချစ်မိတ်ဆွေ စားသောက်ဆိုင်တွင် နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ မိနစ်၂၀ တွင် ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ဆိုင်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့ ဥဿာမြို့သစ်(၁)ရပ်ကွက်နေ ဒေါ်ချိုချိုစန်း(ခ)ကုလားမ(၅၈)နှစ်အား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၄၉၄၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းလှိုင်ရပ်နေ (ဦးသက်လွင်)-ဒေါ်မြသိန်းတို့၏ သားထွေး

ဒေါက်တာအောင်ဖြိုးခိုင်

B.V.Sc

Section Manager Myanmar C.PLivestock Co.Ltd

နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးဝင်းနောင်(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)-ဒေါ်နွဲ့နွဲ့ဝင်း (ရတနာရွှေဆိုင်)တို့၏ သမီးကြီး

ဒေါက်တာနွဲ့လေးနောင်

B.V.Sc

M.B.A (1st Semester) (Vitoria University, Switzerland)

တို့သည် ၂၂-၁၁-၂၀၁၅ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဒေါက်တာအောင်ဖြိုးခိုင်-ဒေါက်တာနွဲ့လေးနောင်**



### ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက် (ကြာသပတေးနေ့) "တန်ဆောင်မုန်းလပြည့်နေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**



**ရွှေထူးလွှင်** ကျိုက်ထီးရိုး၊ချောင်းသာ၊စားတည်းငြိမ်း - ၂၅၀၀၀ိ/-

အမှတ်(၄၄၄/၁)၊မြေညီထပ်၊ရွှေဘုံသာလမ်း၊ Ph:09450044494,09450044496,377921



### Probox - Fielder

- ကွန်ပရက်ဆာ လဲပေးသည်။
- ၆ လ အာမခံသည်။
- ဈေးနှုန်းသက်သာရမည်။

ဖုန်း ၀၉-၅၀၇၀၃၂၈



### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရေဝတီတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေလုံး၊ ငွေရင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၃) (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)

| | | |
|---|---|---|
| ၁။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - | ၂၅-၁၁-၂၀၁၅ (နံနက် -၉း၃၀ နာရီ) |
| ၂။ တင်ဒါပိတ်မည့် ရက်/အချိန် | - | ၂-၁၂-၂၀၁၅ (နေ့လယ် ၁၂း၀၀ နာရီ) |
| ၃။ တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၂-၁၂-၂၀၁၅ (နေ့လယ် -၂း၀၀ နာရီ) |
| ၄။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့။ ဖုန်း-၀၄၆-၂၀၂၀၃ |

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



သွေးသည် အသက်





အတွဲ(၅)၊အမှတ်(၃၀)

၂၄-၁၁-၂၀၁၅ အင်္ဂါနေ့ ထွက်ပြီ

- လူ ၁၀၀ ကျော် မြေအောက်ပိနေဆဲဖြစ်တဲ့ အဆိုးရွားဆုံး မြေပြိုမှု
- အသံစုံညံတဲ့ ကထိန်အလှူခံ သရုပ်မပျက်စေချင်ပါ
- အင်န်အယ်လ်ဒီ ကိုယ်စားလှယ်အရေးအတွက် လျော့သွားမယ့်အရေး စိတ်မအေးနိုင်
- ဖာပွန်မြို့နယ်က အနှိပ်စက်ခံရတဲ့ကလေးငယ် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိနေ
- ပခုက္ကူ သုံးမိုင်ကုန်းက အမျိုးသမီး သုဘရာဇာ



### Royal Gandamar Travels & Tours

3*Hotel, Scania Express, Meals, Guide စရိုတ်ငြိမ်း

| | | |
|---|---|---|
| 1.ပုဂံ-စွယ်တော်(၄)ဆူ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ ခရီးစဉ်(၄ရက်) | Nov 25 | 150,000 |
| 2.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ ခရီးစဉ်(၅ရက်) | Nov 25 | 190,000 |
| 3.သူဌေးကျွန်း-ကြက်မောက်ကျွန်း (၃ရက်) (Flight) | Nov 25 | 490,000 |
| 4.ကျောက်စိမ်းဘုရား-ရှင်ပင်ရွှေဂူကြီး-ဒီးဒုတ်ရေတံခွန် | (အပတ်စဉ် စနေ), Nov 25 | 65,000 |
| 5.ကျိုက်ထီးရိုး - ကျိုက်မေါလော-ရွှေမော်ဓော | (အပတ်စဉ် စနေ), Nov 25 | 35,000 |
| 6.ကရင်ပြည်နယ်-ဘားအံဂူများနှင့်ရေပူစမ်း | (အပတ်စဉ် စနေ), Nov 25 | 35,000 |
| 7.မော်လမြိုင်-ကျိုက်ခမီ-စက်စဲတမ်းခြေ | (အပတ်စဉ် စနေ), Nov 25 | 35,000 |

အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း၊ နှင့် ၃၂ လမ်းထောင့် Yurimieko ရှေ့ ကျောက်တံတားမြို့နယ်၊ရန်ကုန်။ Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626

အခန်း ၁၃ ၂ ဒုတိယထပ်၊ Diamond Plaza ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။ ၀၉-၃၆၅၃၉ ၂၈၈




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြောအမှတ်(၁)

အောင်နိုင်သူအယ်ဒီတာအဖွဲ့မှ စီစဉ်သည့် သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြော အမှတ်(၁)စာအုပ်ထွက်ရှိလာသည်။ ကလေးများဖတ်ချင်စဖွယ် လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်းပုံစံဖြင့် တတ်မြောက်သွားစေရန် စီစဉ်ပေးထားသည်။ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည်တိုးတက်စေရန်အတွက် သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြော အမှတ်(၁)အနေဖြင့် စီစဉ်ပေးထားသည်။

အခြေခံမှစ၍ အဆင့်မြင့်အထိ အပိုင်းများခွဲ၍ ထုတ်ဝေပေးထားသည်။ အသံထွက် စီဒီခွေပါ အထူးထည့်သွင်းပေးထားသည်။ ကလေးရှိသောအိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်း၊ လက်ဆောင်ပေးသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ငွေကျပ်၁၀၀၀ဖြင့် ဖြန့်ချိထားပါသည်။



## အောင်နိုင်သူခြောက်ဘာသာဂုဏ်ထူးရှင်များ၏ မြန်မာစာ စာစီစာကုံးများ

စကြာကောင်းစံစီစဉ်သည့် အောင်နိုင်သူ ခြောက်ဘာသာ ဂုဏ်ထူးရှင်များ၏ မြန်မာစာ စာစီစာကုံးစာအုပ်ထွက် ရှိလာပါသည်။ ဤစာအုပ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင်များ၏ ကြိုးပမ်းမှုများကို တွေ့ဆုံမေးမြန်းမှုများ ပါဝင်သည်။ မြန်မာစာအပါအဝင် ဘာသာစုံဂုဏ်ထူးရှင်များ၏ မြန်မာစာ စာစီစာကုံးများနှင့် စာစီစာကုံး လှလှပပရေးသား လိုသူအားလုံးအတွက် အကျိုးပြုနိုင်သည်။ ထိုသူတို့၏ အတွေးနှင့်အရေးကို တုပပြီး ကိုယ်ပိုင်စိတ်ကူးများဖြင့် တုပရေးသားနိုင်မည်ဖြစ်သည်။ ထူးချွန်ထက်မြက်သူများ၏ စာစီစာကုံးများ အပုဒ်အရေ ၅၀ ပါဝင်သည်။ စာစီစာကုံးများ၏ အကျိုးကျေးဇူးကြောင့် ကျောင်းသား ကျောင်းသူများအားလုံး အောင်နိုင်သူများဖြစ်ကြပါစေလို့ ဆုမွန် ကောင်းတောင်းပေးအပ်ပါသည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘ လောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၉၂၈၃၅၊ ၀၉ ၅၀၅၆၈၄၃ မှ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။



## ကလေးများအတွက်အင်္ဂလိပ်စကားပြော(၁၀၀၀)

အောင်နိုင်သူအယ်ဒီတာအဖွဲ့မှ စီစဉ်သော ကလေးများအတွက် အင်္ဂလိပ်စကားပြော (၁၀၀၀) စာအုပ်ထွက်ရှိလာသည်။ ဤစာအုပ်တွင် ကလေးများ၏ ပညာရေးမှာ အင်္ဂလိပ်စာထူးချွန်လာအောင် အင်္ဂလိပ်စကားပြောရဲအောင်ရည်ရွယ်ပြီး ထုတ်ဝေထားခြင်းဖြစ်သည်။ ဤစာအုပ်ပါ သင်ခန်းစာများသည် ကလေးများ တစ်ဦးနှင့်တစ်ဦး အင်္ဂလိပ်စကားကို လွယ်လင့်တကူပြောတတ်သွားအောင် လမ်းပြပေးနိုင်မည့် စာအုပ်လေးတစ်အုပ်ဖြစ်ပါသည်။ အသံထွက်စီဒီခွေပါ ထည့်သွင်းပေးထားသည်။ အင်္ဂလိပ်စာကြိယာများ၊ ရိုးရိုးဝါကျများ၊ တောင်းပန်ဝါကျများ၊ တားမြစ်ဝါကျများ၊ အမေးဝါကျများ၊ နှုတ်ဆက်စကားပြောခြင်း၊ လက်တွေ့စကားပြောလေ့ကျင့်နည်းစသည်တို့ပါဝင်သည်။ City Mart, Ocean Hyper Mart အစရှိသော စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁ ၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။



## သားသမီးငယ်တို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပုံပြ

ယနေ့ကမ္ဘာကြီးသည်တစ်နေ့တခြားပူနွေးလာသည်။ ရာသီဥတုဖောက်ပြန်လာသည် ဂေဟာစနစ်ပျက်စီးလာသည်။ ထို့အတူ ရေနံသဘာဝဓာတ်ငွေ့စွမ်းအင်များကို မတရားထုတ်ယူသုံးစွဲမှု၊ စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သောမီးခိုး ငွေ့များကြောင့် ကမ္ဘာ့ကြီးပူနွေးလာရသည်။ သဘာဝအရင်းအမြစ်များကို လွန်ကဲစွာ ထုတ်ယူသုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်များ ယိုယွင်းပျက်စီးခဲ့ပေသည်။ သဘာဝဘေးဒဏ်များကို လူသားများပိုမိုဆိုးရွားစွာခံစားလာရသည်။ လင်းသက်ခိုင်ရေးသားပြုစုသည့် "ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်တတ်စေရန် အသိပညာပေးထားသည့် ပုံပြစာအုပ် ဖြစ်ပါသည်။

ဤစာအုပ်ကို စာပေနန်းတော် အမှတ်(၁၃၈/၁၄၀)မထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက် တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၆ တန်ဖိုး ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိထားပါသည်။

**Amber House အမှတ်တံဆိပ် သတိပေးကြေညာချက်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ River View Tower၊ အခန်း (၆၀၃) နေ ဒေါ်ခေါင်ခင် (၁/မညန (နိုင်) ၀၈၄၀၇၁) သည် အောက်ဖော်ပြပါ Amber House အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊စာချုပ်စာတမ်းမှတ်ပုံတင်ရုံး တွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

၁၃၆၈၅/၂၀၁၅

Amber House အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အပြည်ပြည်ဆိုင်ရာအဆင့် (၁၄) " အခြားအုပ်စုများတွင် မပါဝင်သော အဖိုးတန်သတ္တုများ၊ ယင်းတို့၏ သတ္တုစပ်များ၊ အဖိုးတန်သတ္တုများနှင့် ကျောက်မျက်ရတနာများကို ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုမည့် အမှတ်တံဆိပ်အဖြစ် လည်းကောင်း၊ ယင်းပစ္စည်းများ ခင်းကျင်းရောင်းချမည့် ဆိုင်များ၏ အမှတ်တံဆိပ်အဖြစ် လည်းကောင်း အသုံးပြုနေပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ တုပအသုံးပြုခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ဖြစ်ကြောင်း သတိပေး ကြေညာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးလွင်အောင်ဦး
LL.B, LL.M, Dip in Business Law B.D.S
Attorney at Law (စဥ်-၂၈၀၇၂)
(ရုံး) -အမှတ်-၈၄၊ ပထမထပ်၊ ၃၈-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
Ph; - 09- 402555555, 09-36315555.
www. lwinlawfirm.com, E.mail lwinlawer@gmail.com

**ဒေါ်မိမိစန်းနှင့် အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၀-လမ်း၊ အမှတ်(၂၁)မြေညီနေ ဒေါ်စောလှ (AKB-၂၁၄၅၅၄) ညွှန်ကြားချက်အရ (၁၆-၁၁-၂၀၁၅)နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါ်မိမိစန်း၏ စာချုပ်စာတမ်းများနှင့်ဥပဒေအကြံပေး ဦးနေဝင်းအောင်၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာပေးပါရန် ကျွန်ုပ်ထံ အပ်နှံထားပါသည်။

ဦးဒိလ်မာမောက် (AI-၁၅၀၈၃၀)သည် ကျွန်ုပ်၏မိတ်ဆွေဒေါ်စောလှထံမှ ၎င်းမကွယ်လွန်မီကနှစ်ဦးသဘောတူ ငွေချေးငှားရမ်းခြင်းကတိစာချုပ်ဖြင့် (၅-၉-၂၀၁၂)ရက်နေ့တွင် ငွေကျပ်သိန်း (၁၈၀)တိတိကိုသော်လည်းကောင်း၊ (၁၀-၃-၂၀၁၃)ရက်နေ့တွင် ဒေါ်သန်းရွှေ(၁၂/မဂတ(နိုင်) ၀၆၆၀၉၂)မှတစ်ဆင့် ငွေကျပ်သိန်း(၅၀)တိတိကိုသော်လည်းကောင်း၊ အသိသက်သေများဖြင့် စုစုပေါင်းငွေကျပ်သိန်း (၂၃၀)တိတိအား ချေးယူခဲ့ပါသည်။ ထို့နောက် ဒေါ်စောလှထံ ချေးယူထားသည့်ငွေများကို ပေးဆပ်ရန်အလို့ငှာ ဦးဒိလ်မာမောက်သည် ဒေါ်မေမေတင်ထံမှ ဝယ်ယူခဲ့သော အမှတ်(၃၉)၄-လွှာ/ညာ၊ ၁၂၂-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဟုခေါ်တွင်သော တိုက်ခန်းနှင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်းတို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောလှ ထံလက်ရောက်ပေးအပ်ခဲ့ပါသည်။ ယနေ့တိုင် တိုက်ခန်းအပါအဝင် တိုက်ခန်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ကျွန်ုပ်မိတ်ဆွေလက်ဝယ်၌ပင် ရှိနေဆဲဖြစ်ပါသည်။

ထို့ပြင် ဦးဒိလ်မာမောက်တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကကျက်ဘက်ကံပြင်ကျေးရွာအုပ်စု၊ တပ်ရာရွာနေ(ဘ)အာလီဟူစိန်၏ သမီး ဒေါ်မောန်တာစ်ဘေဂေါမ် (ယာယီမှတ်ပုံတင်ကတ်ပြားအမှတ်-၁၁/ဘသတ(ယ)၀၃၁၂၈၉)ဆိုသူ တရားဝင်ဇနီးမယားနှင့် သားသမီး(၃)ဦးသာရှိကြောင်း၊ ဘူးသီးတောင်မြို့နယ်၊ ကကျက်ဘက်ကံပြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်အရ သိရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မောန်တာစ်ဘေဂေါမ်အပါအဝင် ဒေါ်မိမိစန်းတို့သည် ဦးဒိလ်မာမောက်၏ အမှန်တကယ် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများ ဖြစ်ကြသည်ဆိုလျှင် ၎င်း၏ ကြွေးမြီနှင့် ပတ်သက်၍လည်း ပြန်လည်ပေးဆပ်ရန်အတွက် တရားဥပဒေအရ အမှန်တကယ်တာဝန်ရှိသူများပင် ဖြစ်ပါသည်။ အကယ်၍ ဦးဒိလ်မာမောက်၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေထံမှ ၎င်းချေးယူခဲ့သော ငွေကျပ်သိန်း(၂၃၀)တိတိအား ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ ဒေါ်စောလှထံ အသိပေးခြင်းမရှိဘဲမိမိတို့၏ သဘောဆန္ဒ အလျောက် အဆိုပါတိုက်ခန်းအား လက်လွှတ်ဆုံးရှုံးစေမည်ဆိုလျှင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
အထက်တန်းရှေ့နေများ

ဒေါ်မြင့်မြင့်ခင် (LL.B)(LL.M)(D.B.L)(D.M.L)
အမှတ်(၉၇)ပ-ထပ်၊ ၁၁၂-လမ်း။ (စဉ်-၂၅၅၄၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၉-၄၂၁၀၉၈၇၈၅

ဒေါ်လှလှမြင့် (LL.B)(LL.M)(D.B.L)(စဉ်-၃၆၇၂၈)
အမှတ်(၁၀၂)၃-လွှာ၊ ၉၂-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**၁၇-၁၁-၂၀၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စာမျက်နှာ ၁၅ ရှိ ဒေါ်နုရင်[၁၂/မဂတ(နိုင်)၀၅၅၃၆၉]၊ ဦးဇင်ကိုဦး[၁၂/မဂတ(နိုင်)၀၉၉၃၄၇]နှင့် အများသိစေရန်ကြေညာခြင်းအပေါ် ဦးဇင်ကိုဦးမှ ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ၉၄ လမ်း၊ ၄-လွှာ၊ အမှတ်(၂၁) နေ ဦးဇင်ကိုဦး[၁၂/မဂတ(နိုင်)၀၉၉၃၄၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ၉၄-လမ်း၊ အမှတ်(၂၁)၊ (၄)လွှာရှိ တိုက်ခန်းမှာ ဦးထွန်းကြည်(ခ)ထွန်းထွန်း[၁၂/ကတတ(နိုင်)၀၂၇၅၇၈]နှင့် ဒေါ်နုရင်[၁၂/မဂတ(နိုင်)၀၅၅၃၆၉]တို့ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပါသည်။ ဦးဇင်ကိုဦး၏ မိခင် ဒေါ်နုရင်မှ ဒေါ်သက်မာဝင်း[၁၂/ကမတ(နိုင်)၀၅၂၅၆၄]ထံသို့ (၂-၃-၂၀၁၃) ခုနှစ်လောက်ကတည်းက ငွေကြေးများကို (၁-၇-၂၀၁၅)ထိ ၅-ကျပ်တိုးဖြင့်လည်းကောင်း၊ ၈-ကျပ်တိုးဖြင့်လည်းကောင်း အကြိမ်ကြိမ်ချေးယူခဲ့ပြီး ချေးထားသည့်ငွေများအပေါ်တွင်လည်း အတိုးငွေများ ပြန်လည်ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းနောက်ပိုင်းအတိုးငွေများ ဆက်လက်မပေးနိုင်တော့သည့်အတွက် ၆-၈-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင် ရပ်ကွက်၊ ၉၄-လမ်း၊ အမှတ်(၂၁)၊ ၄-လွှာတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်သယောင် စရန်ပေးစာချုပ်ချုပ်ဆိုခိုင်းခဲ့ကြောင်း သိရှိရပါသည်။

ဦးဇင်ကိုဦးမှလည်း မိခင်ပိုင်သည်မှာ မှန်ကန်ကြောင်း အာမခံဝန်ခံခဲ့ပါသည်။ ထို့ကြောင့် ၆-၈-၂၀၁၅ ရက်တွင် ရောင်းဖိုးစရန်ငွေကျပ် ၄၄၅၀၀၀၀၀/-(ကျပ်လေးရာလေးဆယ့်ငါးသိန်းတိတိ)ကို အသိသက်သေများရှေ့တွင် ပေးချေစာချုပ်ချုပ်ဆိုသည်ဟု စွပ်စွဲချက်များမှာ မဟုတ်မှန်ပါ။

ဦးဇင်ကိုဦးနှင့်၎င်း၏ဖခင်တို့သည် ယနေ့အချိန်ထိ အဆိုပါတိုက်ခန်းတွင် နေထိုင်ခဲ့ပြီး ၁၇-၁၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်တွင် လူကြီးမင်းနှင့်သားဖြစ်သူတို့အား ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း လူကြီးမင်းတို့သည် အဆက်အသွယ်ပြုလုပ်ခြင်းအား လက်မခံဘဲ တိမ်းရှောင်လျက်ရှိကြောင်း ကြေညာခြင်းသည် ဦးဇင်ကိုဦး၏ဂုဏ်သိက္ခာကို ကျဆင်းစေရန် မမှန်မကန်ကြေညာခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဒေါ်ရွှေမိုးယံညွန့်(တရားလွှတ်တော်ရှေ့နေ)၏ ကြေညာချက်တွင် ဖော်ပြထားချက်များမှာ မှန်ကန်မှုမရှိပါသဖြင့် လိုက်နာဆောင်ရွက်နိုင်မည်မဟုတ်ပါကြောင်းနှင့် အကယ်၍ ဦးဇင်ကိုဦးအပေါ် တရားစွဲဆိုခြင်းဖြင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် ဆောင်ရွက်သူတို့နှင့်တကွ ပတ်သက်ဆက်နွယ်သူတို့အပေါ် တာဝန်ကျရောက်စေလိမ့်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးဇင်ကိုဦး၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၃၈)
အမှတ်(၅၅)၊ အခန်း(၄)၊ ဗဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၂၅၀၆၆၇၄၅၇၊ ၀၉-၇၃၂၀၁၅၄

# အိမ်ရာများတည်ဆောက်ခွင့်ဟုဆိုကာစာရွက်စာတမ်းအတုများအား ဆောက်လုပ်ရေးကုမ္ပဏီများသို့ လိုက်လံရောင်းချ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာတည်ဆောက်ထားသည့်ဝင်းအတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေကွက်များဖြစ်သည့် မမ-၁၉၊ မမ-၂၅၊ မမ-၂၈ နှင့် မမ-၂၉ တို့တွင် အိမ်ရာများတည်ဆောက်ခွင့်ကို သက်ဆိုင်ရာမှရရှိထားသည်ဟုဆိုကာ စာရွက်စာတမ်းအတုများဖြင့် လိုက်လံပြသကာ ဆောက်လုပ်ရေးကုမ္ပဏီများသို့ ဆောက်လုပ်ခွင့်ပြုမိန့်ကို လိုက်လံရောင်းချလျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတဲ့လုပ်ငန်းအားလုံးကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တန်ဖိုးနည်းအိမ်ရာ၊ အငှားအိမ်ရာများ တည်ဆောက်ပေးလျက်ရှိပြီး မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာ ကျန်ရှိနေသောမြေကွက်များကိုလည်း တန်ဖိုးမျှတအိမ်ရာတည်ဆောက်ပေးရန်အတွက် လျာထားသည့်အဆင့်တွင်သာ ရှိပါသေးတယ်။ ဒီမြေကွက်အလွတ်တွေကိုလည်း မည်သည့်ဆောက်လုပ်ရေးကုမ္ပဏီကိုမှ တည်ဆောက်ပေးရေးလုပ်ငန်းဆောင်ရွက်ရန်ချထားပေးခြင်း မရှိပါဘူး။ စာရွက်စာတမ်းအတုနဲ့ လိုက်လံဆောင်ရွက်နေတဲ့အဖွဲ့ကိုလည်း စုံစမ်းဖော်ထုတ်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစာရွက်စာတမ်းအတုဖြင့် လိုက်လံဆောင်ရွက်နေသည့်အဖွဲ့အား တွေ့ရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ဆက်သွယ်အကြောင်းကြားနိုင်ကြောင်းနှင့် ပြည်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အထူးဂရုပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အသိပေးထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကော့သောင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ရပ်ကွက်မီးသတ်ရေကန်သန့်ရှင်း၍ ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်



**ကော့သောင်း နိုဝင်ဘာ ၂၃**

ကော့သောင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက အေးရိပ်ငြိမ်ရပ်ကွက် အရေးပေါ်မီးသတ်ရေကန်အဖြစ် အသုံးပြုနိုင်ရေး သန့်ရှင်းပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့သည် တောင်စောင်းတောင်ကုန်းများပေါ်တွင် အခြေပြုတည်ထားသည့် နယ်စပ်မြို့ငယ်တစ်မြို့ဖြစ်သည့်အားလျော်စွာ နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှုအခက်အခဲ နှစ်စဉ်ကြုံတွေ့ရမြဲဖြစ်ရာ မိုးအကုန်ဆောင်းရာသီရောက်တိုင်း မြို့နေရပ်ကွက်များ မီးဘေးအန္တရာယ်ကျရောက်လာပါက ရေရှားပါးပြတ်လပ်မှုကြောင့် ရပ်ကွက်ပြည်သူများ စိုးရိမ်ကြရမြဲဖြစ်သည်။

ယင်းကြောင့် အေးရိပ်ငြိမ်ရပ်ကွက်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများဖြင့် တိမ်ကောစပြုနေသည့် သဘာဝရေကန်ဝန်းကျင်အား မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းခြင်း၊ မီးဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ် အသင့်အသုံးပြုနိုင်ရေး၊ မီးသတ်ရေယာဉ်များ ဆောလျင်စွာ သယ်ယူမီးငြိမ်းသတ်မှုလုပ်ငန်းတွင် အသုံးပြုနိုင်ရေး ပြုပြင်မွမ်းမံမှုလုပ်ငန်းများအား ရပ်ကွက်နေပြည်သူများ၏ အိုးအိမ်စည်းစိမ်များ ကြိုတင်ကာကွယ်နိုင်ရေးရည်ရွယ်ကာ စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ်တွင် ကျန်းမာရေး အသိပညာပေးမှု နှင့် တီဘီဝေဒနာရှင်များအား ထောက်ပံ့

**ရန်ကုန် နိုဝင်ဘာ ၂၃**

မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်အတွင်း၌ ပြည်သူများ ကျန်းမာရေးအသိပညာရရှိစေရန်အတွက် သားပျက်၊ သားလျှော ကာကွယ်ကုသခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"အမျိုးသမီးတွေမှာဖြစ်ပေါ်တတ်တဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ကာကွယ်ကုသမှုအပိုင်းတွေကို ဟောပြောဆွေးနွေး အသိပညာပေးမှုတွေလုပ်ခဲ့တယ်။ ရပ်ကွက်ထဲမှာရှိတဲ့ တီဘီဝေဒနာရှင်တွေကိုလည်း ငွေကြေး၊ ဆေးဝါးနဲ့ ထောက်ပံ့ပစ္စည်းတွေကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ခဲ့ပါတယ်" ဟု မရမ်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်ရီက ပြောသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပါဝင်ခဲ့ကြောင်း သိရသည်။

**မြင့်ဝေ(မြင်းခြံ)**

# မြစ်သားမြို့နယ် သမတန်းကျေးရွာတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သမတန်းကျေးရွာမူလတန်းကျောင်းတွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုနှင့်အဖွဲ့က ကျေးရွာနေ အများပြည်သူများအား လွယ်ကူစွာ ဆေးကုသမှုခံယူနိုင်ရန် ကျေးရွာအရောက် ကွင်းဆင်းပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။

ကျေးရွာနေ အများပြည်သူ ၁၅၀ ကျော်တွင်ဖြစ်ပေါ်နေသော ဖျားနာ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုနှင့် သွေးလွန်တုပ်ကွေးရောဂါများ၊ ကိုယ်ဝန်သည် စောင့်ရှောက်မှုများ၊ ခံတွင်းနှင့်သွားရောဂါများကို ချက်ချင်းကုသစောင့်ရှောက်မှုများပေးပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ရန်လိုအပ်သူများကို တက်ရောက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(ပြန်/ဆက်)**

## အမက(၂)၊ ကမာရွတ် ပထမအကြိမ် အာစရိယပူဇော်ပွဲ

အမှတ်-၂ အခြေခံပညာမူလတန်းကျောင်း၊ ကမာရွတ်မြို့နယ်တွင် ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပမည် ဖြစ်ပါ၍ ကြွရောက်ပေးကြပါရန် ခင်မင်စွာဖြင့် (အထူး) ဖိတ်ကြားအပ်ပါသည်။

**အချိန်** - နံနက် ၉နာရီမှ ၃နာရီအထိ
**နေ့ရက်** - ၂၉-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**နေရာ** - ပညာတန်ဆောင်ခန်းမ(အမက-၂၊ ကမာရွတ်)
ဆက်သွယ်ရန်
**ကိုသက်မင်းနိုင်-** ၀၉၇၈၅၄၄၀၄၉၀
**ကိုမြင့်မောင်မောင်-** ၀၉၂၅၀၆၄၅၉၁၂
**မထားနုဝေ-** ၀၉-၄၃၀၈၉၅၁၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်(၅၅၀)ဆံ့၊ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ရန်ကင်းကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၇-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၁-၁၂-၂၀၁၅ရက်၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကင်းကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့။

ဆက်သွယ်ရမည့်ဖုန်း-၀၁-၈၅၅၀၆၈၄၊ ၀၁-၈၅၅၀၆၈၅၊ **Ext,** ၁၁၅။

ချင်းပိုင်းသစ္စာ 562829,09-73198239 569782,09-450006779
ကျိုက်ထီးရိုး(နေ့ချင်း)
ချောင်းသာ(နေ့/ည-နေ့ချင်း)
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးသည်။
ငွေဆောင်(သောကြာ)

## တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ်။ ။ SC15/01FC

၁။ SC Auto (Myanmar) Co., Ltd. မှ ရန်ကုန်စက်မှုဇုန်ဇရိယာတွင် စက်ရုံအဆောက်အအုံ (၂)ဆောင်၊ ရုံးခန်းအဆောက်အအုံ (၃)ထပ်ဆောင် (၁)ဆောင်၊ အစားအသောက်ဆောင်နှင့်လူနေဆောင်(၂)ထပ်ဆောင် (၁)ဆောင်၊ ဖိုင်ဘာထုတ်လုပ်ရေးအဆောက်အအုံ(၁)ဆောင် နှင့် ဓါတ်အားခွဲရုံ (၁)ဆောင် တို့ကို ဆောက်လုပ်ရန်ရှိပါသဖြင့် အရည်ချင်းပြည့်မီသော ဆောက်လုပ်ရေး ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါရောင်းချမည့်ရက် နှင့် အချိန်
30 November 2015 (တနင်္လာနေ့) နံနက်(၁၀) နာရီတိတိ

(ခ) တင်ဒါပိတ်မည့်ရက် နှင့် အချိန်
15 December 2015 (အင်္ဂါနေ့) မွန်းတည့်(၁၂) နာရီတိတိ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဦးကျော်စွာဝင်း (Project Manager)
အခန်းအမှတ် ၄၆-၄၇၊ အဆောင် "CC" သီရိရတနာ လက်လီလက်ကားဈေး၊ သုဝဏ္ဏလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။
ဖုန်း ၀၉၂၅၁၀၄၆၉၁၉၊ ၀၁၁၂၂၀၉၃၃ ။ Fax ၀၁၁၂၂၀၉၃၃။

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ၂၈-၅-၂၀၁၅ရက် ကြေးမုံသတင်းစာတွင် ခေါ်ယူခဲ့သည့် တင်ဒါရက်စွဲတိုးမြှင့်သတ်မှတ်ခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၏ စုပေါင်းရုံးများ တည်ဆောက်ခြင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော Application Software လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါအား ၂၈-၅-၂၀၁၅ရက်တွင် ကြေးမုံသတင်းစာ၌ ကြော်ငြာထည့်သွင်းခဲ့ပါသည်။

၂။ အဆိုပါတင်ဒါကို စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များမှ ထပ်မံ၍လျှောက်ထားနိုင်ပါရန် တင်ဒါတင်သွင်းရန် နောက်ဆုံးရက်အား ၄-၁၂-၂၀၁၅ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ၂၄-၁၁-၂၀၁၅ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် အမှတ်(၁)သစ္စာလမ်းမကြီး ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စုံစမ်းမေးမြန်း ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၂၅၇၊ ၀၁-၆၅၇၃၀၇

## (၂)ညအိပ် (၃)ရက် တရားစခန်း ဖွင့်မည်

ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် -အင်းမ) ပဓာန နာယက အဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ အောင်စည်းခံ စေတီလမ်း၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်၊ သဃန်းကျွန်းကြီးမှတ်တိုင်)၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ညွှန်ကြား ပြသခဲ့သော နည်းစနစ်အတိုင်း...

၁။ ၂၀၁၅-ဒီဇင်ဘာလ ၄ - ၅ - ၆ သောကြာ၊ စနေ၊ တနင်္ဂနွေ
၂။ ၂၀၁၅-ဒီဇင်ဘာလ ၁၁ - ၁၂ - ၁၃ သောကြာ၊ စနေ၊ တနင်္ဂနွေ

နေ့များတွင် (၂)ညအိပ် (၃)ရက်တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အောက်ပါ ဖုန်းနံပါတ်များသို့ စာရင်း ပေးသွင်းနိုင်ပါသည်။

ဒေါ်မြသိန်း-၀၉-၅၁၅၂၂၉၁
မပပ-၀၉-၇၃၀၃၈၂၈၈၊ ကိုအောင်သိန်း-၀၉-၇၃၁၀၃၆၃၃

(စာရင်းပေးသွင်းပြီး တရားစခန်း မဝင်ဖြစ်ပါက မဝင်ဖြစ်ကြောင်း မဖြစ်မနေ အကြောင်းကြားပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

* တရားစခန်းဝင်ရန် စောင့်ဆိုင်းနေကြသော အရန်ယောဂီများ နစ်နာမှုမရှိစေဘဲ တရားစခန်း ဝင်နိုင်ရန်အတွက် ဖြစ်ပါသည်။)

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းသို့ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဆူးလေစေတီတော်မှ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံကြွရောက်လာရာ အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သာသနာ့နဂ္ဂဟအသင်းဝင်များမှ သခင်မြပန်းခြံရှေ့မှကြိုဆိုကြပြီး အလုံမြို့နယ်အတွင်း အပူဇော်ခံရာလမ်းတစ်လျှောက် မြို့နယ်သာသနာ့နဂ္ဂဟအသင်းဝင်များနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘာသာရေးအအသင်းအဖွဲ့ဝင်များမှ ပါဝင်ကုသိုလ်ပြုကြပြီး အလုံမြို့နယ်မှ ညနေ ၆ နာရီတွင် ဆူးလေစေတီတော်သို့ ပြန်လည်ကြွချီသွားကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - တင်မောင်ဦး(အလုံ)



# ဒီးမော့ဆိုမြို့နယ်တွင် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဒီးမော့ဆို နိုဝင်ဘာ ၂၃**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းလုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက်တွင် မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဒေါတငူး-ဒေါတမြေး ကျောက်ချောလမ်း အရှည် ၁ မိုင် ၂ ဖာလုံအား ခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၆၈၈ သန်းဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နန်းဟူထွေ-ဒေါ်ခဲ-ဒေါတမြေး ကျောက်ချောလမ်းအရှည် ၂ မိုင်ကျော်အား ခွင့်ပြုရန်ပုံငွေကျပ် ၁၂၅ ဒသမ ၈၄၉ သန်းဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာသုံးရွာမှ လူဦးရေ ၁၄၄၀ အတွက် ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# ကောလင်းမြို့ လက်ဖက်ရည်ဆိုင်များတွင် အင်တာနက်သုံးရန် WiFiအခမဲ့လွှတ်ပေး၍ စားသုံးသူကိုဆွဲဆောင်

**ကောလင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် လက်ဖက်ရည်ဆိုင်များ တိုးချဲ့ဖွင့်လှစ်လာကြပြီး လက်ဖက်ရည်ဆိုင်အချို့က စားသုံးသူများကို ပိုမိုဆွဲဆောင်နိုင်ရန် ဆိုင်အတွင်း အင်တာနက်အခမဲ့အသုံးပြုနိုင်သည့် WiFi Free ဝန်ဆောင်မှုများ ပေးလာကြကြောင်း သိရသည်။

"အခုဆိုရင် ကောလင်းမြို့ WiFi Free ပေးတဲ့ လက်ဖက်ရည်ဆိုင်တွေမှာ လူစည်ကားတယ်။ ခေတ်ကာလအခြေအနေက အရင်ကလိုလက်ဖက်ရည်ဆိုင်တွေမှာအတူတူထိုင်ပြီး မိတ်ဆွေအချင်းချင်းစကားစမြည်းထိုင်ပြောကြတာမျိုး နည်းပါးလာတယ်။ WiFi Free ပေးတဲ့လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လက်ကိုင်ဖုန်းကိုယ်စီဖြင့် ဖုန်းမျက်နှာပြင်ကို လက်နဲ့ပွတ်နေကြတာနဲ့ပဲ လက်ဖက်ရည်ဆိုင်မှာ အချိန်ကုန်သွားပြီး တစ်ယောက်နဲ့တစ်ယောက် စကားတောင်မပြောဖြစ်ဘဲ ထပြန်ခဲ့ကြတာများနေတယ်" ဟု မြို့ခံအမျိုးသားတစ်ဦးက ပြောသည်။

ကောလင်းမြို့တွင် လျှပ်စစ်မီး ၂၄ နာရီရရှိသည့်အတွက် လက်ဖက်ရည်ဆိုင်အချို့တွင် စားသုံးသူများအား WiFi Free ဝန်ဆောင်မှုပေးလာနိုင်ကြခြင်းဖြစ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်သူများ၏ လက်ကိုင်ဖုန်းများ၊ ဘက်ထရီဓာတ်ခဲများ လျှပ်စစ်ဓာတ်အားကုန်သွားပါက လျှပ်စစ်ဓာတ်အားပြန်လည်ဖြည့်တင်းနိုင်ရန် ဆိုင်အတွင်း မီးပလပ်ပေါက်များ တပ်ဆင်ပေးထားကာ ဝန်ဆောင်မှုတိုးမြှင့်လျက် စားသုံးသူများကို ပိုမိုဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

